မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ စနေနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၁၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူးများအား ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံစစ်သံမှူး Senior Colonel, Fan Lianfeng နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Senior Colonel, Gao Tiejun တို့အား ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး **Senior Colonel, Fan Lianfeng** (ဝဲပုံ)နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် **Senior Colonel, Gao Tiejun** (ယာပုံ) တို့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုကို ဖြည့်ဆည်းရာတွင် အထောက်အကူပြုလျက်ရှိသည့် ချောင်းမငယ်ရေလှောင်တမံ

သတင်းမှတ်စု - နုနုရီနှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - မြင့်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၃

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံး မျှမျှတတဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ဖြည့်ဆည်းပေးလျက်ရှိသည်။ နိုင်ငံတည်ငြိမ် အေးချမ်းလာသည်နှင့်အမျှ လူမှု၊ စီးပွားအခြေခံကောင်းများကို ဖန်တီးဖော်ဆောင်ပေးနိုင်ခဲ့သည်။

တည်ဆောက်

စိုက်ပျိုးရေးကို အဓိကအားထားနေသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေ ရရှိရေးအတွက် လိုအပ်သည့် ဆည်မြောင်း၊ တာတမံများကို ဒေသအနှံ့ တည်ဆောက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေ ရရှိရေးအတွက် အထောက်အကူပြုလျက်ရှိသည့် ဆည်တမံများတွင် ၂၀၀၆ခုနှစ် ဇူလိုင်၁၂ရက်က ဖွင့်လှစ်ပေးခဲ့သည့် နေပြည်တော်ခရိုင် နေပြည်တော်လယ်ဝေးမြို့နယ် ပန်းညိုစိမ်းကျေးရွာအနီးရှိ ချောင်းမငယ်ရေလှောင်တမံသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* *

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၄ ရက်)

ကိုယ်ပိုင် အမျိုးသားယဉ်ကျေးမှုစွမ်းအားများ ခိုင်မာရေး တိုင်းရင်းသားပြည်သူများ အမျိုးသားရေးသတိဖြင့် ဝိုင်းဝန်းထိန်းသိမ်း

အမျိုးသားယဉ်ကျေးမှု ရှင်သန်ဖွံ့ဖြိုး တိုးပွားခိုင်မာစေရေးအတွက် ကြိုးပမ်းဖော်ဆောင်ခြင်းသည် နိုင်ငံနှင့်လူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာကို တိုးတက်မြင့်မားလာစေရန် မြှင့်တင်စောင့်ရှောက်ခြင်းပင် ဖြစ်သည်။

ယဉ်ကျေးမှု၏ ဂုဏ်အင်္ဂါများထဲတွင် လူမှုအဆင့်အတန်းကို ပိုမိုမြင့်မားအောင် ဖန်တီးဖော်ဆောင်ပေးနိုင်သည့် အတတ်ပညာ၊ ထုံးတမ်းဓလေ့၊ ကျင့်ဝတ်များကိုထိန်းသိမ်းသည့် ကိုယ်ကျင့်သိက္ခာများ ပေါင်းစည်းပါဝင်သည်။

မြန်မာတို့သည် ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားတတ်သည့် ဗီဇကောင်းများရှိကြပြီး ရိုးရာဓလေ့ အစဉ်အလာအရ ကျင့်ကြံနေထိုင်ကြသော အလေ့အထ အမူအကျင့် အသုံးအဆောင်အားလုံးသည် မြန်မာ့မှု မြန်မာ့ဟန် မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာနှင့် မြန်မာမှုများနှင့်သာ ထုံမွမ်းနေသည်ကို တွေ့ရသည်။

မြန်မာမှုဓလေ့စရိုက် အစဉ်အလာများ၊ မြန်မာ့ရိုးရာတွေးခေါ်မြော်မြင်မှုသဘောတရားများ၊ မြန်မာ့ကျင့်ဝတ်နီတိ အသိလိမ္မာတရားများကို မြန်မာ့လူ့ဘောင်၌ အစဉ်နိုးကြားရှင်သန်နေရန် ဆောင်ရွက်ကြရမည် ဖြစ်သည်။

ယနေ့ကမ္ဘာတွင် အချို့သောနိုင်ငံများသည် ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ယိုယွင်းတိမ်းပါးလာသည့်အတွက် ပြန်လည်ထိန်းသိမ်းမြှင့်တင်ရန် ကြိုးစားအားထုတ်နေရသည့် အခြေအနေ၌ မြန်မာနိုင်ငံအနေဖြင့် ခမ်းနားထည်ဝါသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို တင့်တင့်တယ်တယ် ခိုင်ခိုင်မြဲမြဲ စောင့်ရှောက်ထားခြင်းသည် ဂုဏ်ယူဝင့်ကြွားစရာပင် ဖြစ်သည်။

သိပ္ပံနှင့်နည်းပညာရပ်များသည် နိုင်ငံခေတ်မီဖွံ့ဖြိုးရေးကို ဆောင်ကြဉ်းပေးနိုင်သည်မှန်သော်လည်း နိုင်ငံနှင့်လူမျိုးကို နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိ ရှင်သန်ရပ်တည်နိုင်ရေးအတွက် စောင့်ရှောက်မြှင့်တင်ပေးနေခြင်းသည် အမျိုးသားယဉ်ကျေးမှုစွမ်းအားပင် ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတကာနှင့် တိုးမြှင့်ဆက်ဆံပြီး နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော ယနေ့အချိန်ကာလ၌ ကြုံတွေ့ရသည့် တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်လွှမ်းမိုးမှုကို ကြံ့ကြံ့ခံနိုင်စေရန် အမျိုးသားယဉ်ကျေးမှုစွမ်းအားများကို အစဉ်အမြဲ ခိုင်မာစေရေး အတွက် တိုင်းရင်းသားပြည်သူများက အမျိုးသားရေးသတိဖြင့် ကြိုးပမ်းထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ၈ရက်(တနင်္ဂနွေနေ့) နံနက်၈ နာရီတွင် ဗဟန်းမြို့နယ် ဗဟန်း ၃လမ်းမှတ်တိုင် အဘိဓမ္မာရတနာဂုရ ဓမ္မဗိမာန်တော်တွင် တေးဂီတဖျော်ဖြေမှုနှင့်အတူ ခမ်းနားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များနှင့် အသက်(၈၀)ပြည့် အတူနေမိဘများစာရင်းနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ အသင်းသား အသင်းသူများ၏ သားသမီးများ အမည်စာရင်းကို ဖေဖော်ဝါရီ၁ရက် မတိုင်မီ ပေးပို့ရန်နှင့် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ စုံညီစွာ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

သက်ကြီးပူဇော်ပွဲအတွက် အလှူငွေများကို ဦးလှမြင့်(ဥက္ကဋ္ဌ)ဖုန်း-၂၂၄၉၃၁၊ ဦးမြင့်သိန်း (ဒုတိယဥက္ကဋ္ဌ)ဖုန်း-၂၉၂၃၇၁၊ ဦးလှမြင့်(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၂၅၂၇၉၃၊ ဦးကျော်ရီ (အတွင်းရေးမှူး)ဖုန်း-၅၄၁၈၂၃ နှင့် ဦးကျော်သူ ဖုန်း-၂၂၃၆၃၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၁)ရပ်ကွက် အမက(၂၄)တွင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး စာစီစာကုံးပြိုင်ပွဲ ဆုပေးပွဲနှင့် ဒီဗွီဒီဆောင်းဘောက်များ၊ ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာနှင့် အာဟာရဒါန ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက်က ကျင်းပသည်။

ကျင်းပ

အဆိုပါအခမ်းအနားသို့ အမှတ်(၃) အခြေခံပညာဦးစီးဌာန လှိုင်မြို့နယ် လက်ထောက်ပညာရေးမှူး ဦးစောအောင်မြဝင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးဦးစိုးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများစုံလင်စွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၂၄-၁-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး** (အပိုင်း-၁၇)
- ၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **နို့ရည်တစ်စက်** ဟိန်းဝေယံ၊ ဝိုင်းစုခိုင်သိန်း၊ စိုးမြတ်သူဇာ၊ ထွန်းထွန်းဝင်း၊ မြတ်ကေသီအောင် (ဒါရိုက်တာ-ဇမ္ဗူထွန်းသက်လွင်)
- ၁၃း၅၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၄း၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၁၅)

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၂၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၄၆)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ လူရွှင်တော်ရွှေဖလား
- ၁၉။ အင်္ဂလိပ်စာသုတ (English Usage)
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၂၉)

စစ်တွေမြို့တွင်းလမ်းများ ကတ္တရာနှင့်ကျောက်ချောလမ်းခင်းမှု တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်၊ အတွင်းရေးမှူး ဦးရဲနိုင်အောင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၂ရက်က စစ်တွေမြို့ လမ်းမတော်မြောက်ရပ်ကွက် လမ်းမကြီးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် လမ်းတာဝန်ခံအင်ဂျင်နီယာ ဦးထွန်းဝေတို့က ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။ (အပေါ်ပုံ)

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါ၍ စစ်တွေမြို့ အုန်းတစ်ပင်ရပ်ကွက်ရှိ အောင်ဇံဝေလမ်း ကျောက်ချောလမ်းခင်းနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ စစ်တွေမြို့ မေယုလမ်းမကြီး လမ်းလယ်အုတ်ခုံနှင့် ပန်းအလှပင်များ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအားလိုအပ်သည်များ မှာကြားခဲ့သည်။(၁၁၃)

ကမမောင်းမြို့မဈေး၌ မီးသတ်ရေကန်ဆောင်ရွက်

ကမမောင်း ဇန်နဝါရီ ၂၃

ကမမောင်းမြို့ မြို့မဈေးကြီးအတွင်း ဈေးမီးဘေးလုံခြုံရေးအတွက် ဈေးသူဈေးသားများစုပေါင်း၍ ဂါလန် ၁၂၀၀ဆံ့ ကိုယ့်အားကိုယ်ကိုး မီးသတ်ရေကန် ဆောင်ရွက်မှုကို ဒီဇင်ဘာ ၂၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တာဝန်ခံ ဦးကိုကိုနိုင် ကြည့်ရှုစစ်ဆေးရာ ဈေးမိဈေးဖဥက္ကဋ္ဌ ဦးကျော်မင်းနှင့်အဖွဲ့က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ၁၂၃၊ ၁၂၄၊ ၁၂၅လမ်းတို့တွင် ဇန်နဝါရီ ၁၈ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ (ခေတ္တ)ဒုရဲမှူး ကံဝင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ရေမြောင်းဆယ်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ မှုတ်ခြင်းနှင့် တစ်အိမ်တက်ဆင်း ဖုံး၊သွန်၊လဲ၊စစ်တို့ကို ပညာပေးဆောင်ရွက်ကြစဉ်။ (၁၂၃)

လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel, Fan Lianfeng နှင့် စစ်သံမှူးအဖြစ် တာဝန်ထမ်းဆောင်မည့် Senior Colonel, Gao Tiejun တို့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ထို့သို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

မြေသြဇာကြွပက်နေမှုနှင့် မိုးစပါးများမှ ထွက်ရှိသော ဆန်နမူနာများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကိုသည် ကဝမြို့နယ် သက္ကလတိုက်နယ်ဆေးရုံ တိုးချဲ့ ဆေးကုသဆောင်သစ် ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးရာ တိုင်းမှူး၊ ကျန်းမာရေးဦးစီးဌာန ခရိုင်ကျန်းမာရေးမှူးချုပ်နှင့်အလှူရှင်တို့က တိုးချဲ့ဆေးကုသဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုက တိုးချဲ့ဆေးကုသဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အမှာစကားပြော

ဆက်လက်၍ တိုးချဲ့ဆေးကုသဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဆေးကုသဆောင်သစ်ခန်းမ၌ ကျင်းပရာ ဗိုလ်ချုပ်ကိုကိုနှင့် တိုင်းမှူးတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အလှူရှင်က တိုးချဲ့ဆေးကုသဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်း ပေးအပ်ရာ ကျန်းမာရေးဦးစီးဌာန ခရိုင်ကျန်းမာရေးမှူးချုပ်ကလက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် တိုးချဲ့ဆေးကုသဆောင်သစ်ရှိ ဖျားနာဆောင်၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့နှင့် ဒိုးယိမ်း အဖွဲ့တို့အား ဂုဏ်ပြုဆုငွေများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဗိုလ်ချုပ်ကိုကိုသည် ဇန်နဝါရီ ၂၁ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ်၄၀/၂နှင့် ၄၀/၃ အကြား၌ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကတ္တရာခင်းနေမှုများ၊ မိုင်တိုင် ၅၃၌ လမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို သက္ကလတိုက်နယ်ဆေးရုံ တိုးချဲ့ ဆေးကုသဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

✱ ရှေ့ဖုံးမှ

ချောင်းမငယ်ရေလှောင်တမံမှာ မြေသားတမံဖြစ်ပြီး ရေဆင်းဧရိယာ ၁၀၃ စတုရန်းမိုင်၊ တမံအမြင့် ၉၆ပေ၊ ပင်မတမံအလျား ပေ ၂၁၅၀၊ ကုန်းကြောတမံ နှစ်ခု၊ အလျားပေ ၄၅၀၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၉၁၇၇၀၊ကန်ရေသေ ရေလှောင်ပမာဏ ဧကပေ ၁၅၃၀၀၊ ကန်ရေပြည့် ရေပြင်ကျယ် ဧရိယာ ၃၁၄၈ဧက၊ ရေအားလျှပ်စစ် တပ်ဆင်အား တစ်လုံး ကီလိုဝပ် ၅၀၊ နှစ်စဉ် ပျမ်းမျှထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အား ၀ဒသမ၁၆ကီလိုဝပ် နာရီသန်းပေါင်းနှင့် ဆည်ရေပေးဝေနိုင်သည့် ဧရိယာဧက ၈၀၀၀ဖြစ်သည်။

ပြည်တွင်းစားနပ်ရိက္ခာ

ချောင်းမငယ်ရေလှောင်တမံကို တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် နေပြည်တော်ပျဉ်းမနားအတွင်းရှိ တောင်သူလယ်သမားများမှာ မိမိတို့ ရရှိထားပြီးသော မြေနှင့်ရလာသည့်ရေကို ပေါင်းစပ်ပြီး စိုက်ဧကတိုးချဲ့ခြင်း၊ နှစ်သီးစား၊ သုံးသီးစား စိုက်ပျိုးခြင်း၊ သီးနှံစိုက် စွမ်းအားမြှင့်တင်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကြရာ တောင်သူများ၏ မိသားစုများသာမက နိုင်ငံတော်၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေသည့်အပြင် ပြည်သူများ၏ ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုကိုလည်း အထောက်အကူပြုလျက်ရှိပါကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဆုချီးမြှင့်

၂၀၀၈ ခုနှစ် ပညာသင်နှစ်တွင် မြန်မာတစ်ပြည်လုံး ခြောက်ဘာသာဂုဏ်ထူးဖြင့် (ဆဋ္ဌမ)အဆင့် ထူးချွန်စွာ အောင်မြင်ခဲ့သော တာမွေမြို့နယ် အထက (၅)မှ မောင်စိုးမင်းမြတ်အား မြို့နယ် ပညာရေးမှူး ဒေါ်ရီရီစိန်က ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

အာရှနိုင်ငံအချို့၏ ရာသီဥတုအခြေအနေ

ရန်ကုန် ဇန်နဝါရီ ၂၃

အာရှနိုင်ငံအချို့၏ ဇန်နဝါရီ ၂၃ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေများကို အင်တာနက်မှ ရယူစုစည်းကာ ဖော်ပြလိုက်ရပါသည်-

တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ဇန်နဝါရီ ၂၃ရက်က ပျမ်းမျှအပူချိန် ရေခဲမှတ်အထိ ရှိခဲ့သည်။ ဆိုးလ်မြို့တော်တွင် နေ့အပူချိန် -၁၂ ဒီဂရီစင်တီဂရိတ်နှင့် ညပိုင်း အပူချိန် -၇ ဒီဂရီစင်တီဂရိတ်ဖြစ်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်းဒေသများတွင် ဆီးနှင်းများ အဆက်မပြတ်ကျခဲ့သဖြင့် ဆီးနှင်းထု နှစ်ပေခန့်အထိရှိခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နေ့နှင့်ည အပူချိန်များ ဆက်လက်ကျဆင်းနေမည်ဖြစ်ပြီး ဆိုးလ်နှင့် ဘူဆန်မြို့များတွင် ဆီးနှင်းများ ထူထပ်စွာ ကျဆင်းမည်ဖြစ်သည်။ တစ်နိုင်ငံလုံးတွင် တိမ်ထူထပ်ပြီး အချို့ဒေသများ၌ နေ့အချိန်နေရောင်ကို အချိန်အနည်းငယ်မျှသာ မြင်တွေ့နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

စင်ကာပူ

စင်ကာပူနိုင်ငံ တစ်နိုင်ငံလုံးတွင် ပျမ်းမျှအပူချိန် ၂၄ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ သို့သော် ညအပူချိန် ၃၁ ဒီဂရီစင်တီဂရိတ်အထိ အနည်းငယ်မြင့်တက်ခဲ့သည်။ စင်ကာပူနိုင်ငံမြောက်ပိုင်းတွင် နံနက်ပိုင်း ဆီးနှင်းအနည်းငယ် ကျဆင်းခဲ့ပြီး အရှေ့မြောက်ဘက်မှ လေများ တစ်နာရီ ၁၀မိုင်နှုန်း တိုက်ခတ်ခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ တစ်နိုင်ငံလုံးတွင် တိမ်များ ဖြစ်ထွန်းပြီး အချို့နေရာများ၌ မိုးအနည်းငယ် ရွာသွန်းနိုင်သည်။ နေ့အပူချိန်များ အနည်းငယ်မြင့်ပြီး ညအပူချိန်များ ကျဆင်းနိုင်ကာ စင်ကာပူကမ်းလွန်၌ လေပြင်းများတိုက်ခတ်နိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

မလေးရှား

မြို့တော်ကွာလာလမ်ပူတွင် ပျမ်းမျှအပူချိန် ၂၇ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ နိုင်ငံမြောက်ပိုင်းဒေသများတွင် တစ်နာရီလျှင် ၁၀မိုင်နှုန်း လေအေးများ တိုက်ခတ်ခဲ့သော်လည်း အများအားဖြင့် သာသာယာယာရှိခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နေ့နှင့်ည အပူချိန်များ ပြောင်းလဲမှုမရှိနိုင်သော်လည်း နိုင်ငံအနောက်ပိုင်း၊ အနောက်မြောက်ပိုင်းဒေသအချို့တွင် မိုးအနည်းငယ် ရွာသွန်းနိုင်သည်။ တစ်နိုင်ငံလုံးအနေဖြင့် တိမ်ထူထပ်ကာ အချို့ဒေသများ၌ သာယာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်

ဗီယက်နမ်နိုင်ငံတစ်ဝန်း၌ ဇန်နဝါရီ၂၃ ရက်က တိမ်များဖြစ်ထွန်းခဲ့သော်လည်း သာယာခဲ့သည်။ ဟိုချီမင်းမြို့တော်၌ နေ့အပူချိန်၂၃ဒီဂရီစင်တီဂရိတ်ရှိပြီး ညအပူချိန် ၃၃ဒီဂရီ စင်တီဂရိတ်ရှိခဲ့သည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နိုင်ငံတောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် မိုးအနည်းငယ်ရွာနိုင်သည်။ သို့သော် အချို့ဒေသများ၌သာယာပြီး မြောက်ဘက်မှ တစ်နာရီလျှင် ၁၅မိုင်နှုန်းလေများ တိုက်ခတ်နိုင်ဖွယ်ရှိသည်။

ပါကစ္စတန်

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် လေပြင်းများတိုက်ခတ်ခဲ့သည်။ တစ်နာရီ မိုင်၄၀နှုန်းတိုက်ခတ်သဖြင့် နေ့အပူချိန် ၁၇ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး ညအပူချိန် ၂၈ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ တစ်နိုင်ငံလုံးတွင် ပျမ်းမျှအပူချိန် ၂၆ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နိုင်ငံနေရာဒေသအများအပြား၌ တိမ်ထူထပ်စွာ ဖြစ်ထွန်းပြီး မိုးရွာသွန်းနိုင်သည်။ အချို့ဒေသများတွင် မိုးသက်လေပြင်းများ ကျရောက်နိုင်ပြီး ပါကစ္စတန်ကမ်းလွန်၌ လှိုင်းကြီးနိုင်ကြောင်း ခန့်မှန်းထားသည်။ ။ **(အင်တာနက်)**

အရှေ့အလယ်ပိုင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် သမ္မတအိုဘားမားနှင့် လုံခြုံရေးအကြံပေးအဖွဲ့ဝင်များ ဆွေးနွေး

ဝါရှင်တန် ဇန်နဝါရီ ၂၃

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၊ ၎င်း၏ ထိပ်တန်းအမျိုးသားလုံခြုံရေး အကြံပေးအဖွဲ့ဝင်များနှင့်အတူ ဇန်နဝါရီ ၂၃ရက်က တွေ့ဆုံကာ အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ရွေးချယ်

အရှေ့အလယ်ပိုင်းဒေသအတွက် အထူးသံတမန်အဖြစ် ဒီမိုကရက်တစ်ဆီးနိတ်လွှတ်တော်အမတ်ဟောင်းတစ်ဦးဖြစ်သူ ဂျော့မစ်ချယ်အား တာဝန်ပေး ရွေးချယ်လိုက်သည်။

ပြောကြား

အမေရိကန်သမ္မတဖြစ်ရေး မဲဆွယ်ခဲ့စဉ်က အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အမေရိကန်၏ မူဝါဒကိုပြောင်းလဲရန် ကတိပြုခဲ့သည့်အတိုင်း အီရတ်မှတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးအတွက် အမှန်ကန်ဆုံးနည်းလမ်းကို သုံးသပ်ရွေးချယ်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတအိုဘားမားက ပြောကြားသည်။

ကြိုးစား

ထို့အပြင် အမေရိကန်နိုင်ငံ၏ စီးပွားရေးကျဆင်းနေမှုကို အမြန်ဆုံးဖြေရှင်းဆောင်ရွက်ရန် ကြိုးစားသွားမည်ဖြစ်ပြီး အီရန်နိုင်ငံနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် စီစဉ်သွားမည်ဖြစ်သည်။ **(အင်တာနက်)**

ပါကစ္စတန်၌ လမ်းဘေးဗုံးပေါက်ကွဲ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၃

ပါကစ္စတန်နိုင်ငံ ဆွတ်တောင်ကြား၌ ဇန်နဝါရီ၂၃ရက်က လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ သုံးဦးသေဆုံးသွားခဲ့ကြောင်း ဒေါင်းနယူးစ်ရုပ်မြင်သံကြားက သတင်းထုတ်ပြန်သည်။

ဒဏ်ရာရရှိ

ဆွတ်တောင်ကြား မင်ဂိုရာမြို့ရှိ စစ်ဘက်တပ်ဖွဲ့များကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့သော်လည်း သေဆုံးခဲ့သူများမှာ အရပ်သားများဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ယင်းသတင်း၌ ပါရှိသည်။

ဇန်နဝါရီ ၂၁ရက်က ပါကစ္စတန်စစ်ဘက်မှ စစ်ဆင်ရေးများ ပြုလုပ်ခဲ့ရာ အကြမ်းဖက်တပ်ဖွဲ့ဝင် ၁၁ဦး အပါအဝင် ၂၁ ဦး သေဆုံးခဲ့သည်။

(အင်တာနက်)

ဘဂ္ဂဒက်၌ သေနတ်သမားပစ်ခတ်မှု အရပ်သားတစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်း အယ်လ်ရှာအက်ဘ်အရပ်ဝန်းကျင်ဒေသတွင် ဇန်နဝါရီ ၂၂ရက်က အမည်မသိ သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် အရပ်သားတစ်ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ပိုင်း အယ်လ်ရှာအက်ဘ်အရပ်ဝန်းကျင်ဒေသတွင် အရပ်သားကားတစ်စီးအတွင်းမှ သေနတ်သမားတစ်ဦးက လူတစ်ဦးအား သေနတ်ဖြင့် လှမ်းပစ်ခဲ့သဖြင့် အပစ်ခံရသူမှာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်တစ်ခုက အဆွက် အယ်လ်အီရတ်သတင်းဌာနသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

သေနတ်သမားသည် မည်သည့်နေရာသို့ ထွက်ပြေးလွတ်မြောက်သွားသည်ကို မသိရသေးကြောင်း ယင်းသတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။

(အင်တာနက်)

ဂျပန်နိုင်ငံ တိုကျိုမြို့တောင်ပိုင်းရှိ ယိုကိုဟားမားဆိပ်ကမ်း၌ ပြည်ပသို့ တင်ပို့မည့် မော်တော်ကားများကို ဇန်နဝါရီ ၂၂ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

မိုဆူးလ်မြို့၌ ပူးပေါင်းတပ်ဖွဲ့တိုက်ခိုက်မှု သေနတ်သမားညီအစ်ကိုသုံးဦး သေဆုံး

မိုဆူးလ် ဇန်နဝါရီ ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် နီနီဝါပြည်နယ်၏ မြို့တော် မိုဆူးလ်မြို့တောင်ပိုင်းရှိ ကျေးရွာတစ်ရွာတွင် ဇန်နဝါရီ ၂၂ရက်က အီရတ်နှင့်အမေရိကန်ပူးပေါင်းတပ်ဖွဲ့များ လုံခြုံရေးစစ်ဆင်မှုများ ပြုလုပ်ခဲ့ရာ သေနတ်သမားသုံးဦးသေဆုံးသည်ဟု အမေရိကန်တပ်ဖွဲ့၏ မီဒီယာအကြံပေးတစ်ဦးက ပြောကြားခဲ့ကြောင်း ဇန်နဝါရီ ၂၃ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

ထုတ်ဖော်ပြောကြား

ယင်းနေ့က မိုဆူးလ်မြို့ တောင်ပိုင်းကျေးရွာတစ်ရွာတွင် လက်နက်ကိုင်အုပ်စုတစ်စု၏ ခေါင်းဆောင်တစ်ဦးအားဖမ်းဆီးရန် စစ်ဆင်ရေးပြုလုပ်ခဲ့ကြောင်း ၎င်းက အဆွက်အယ်လ် အီရတ်သတင်းဌာနသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

သေဆုံးခဲ့

တပ်ဖွဲ့ဝင်များသည် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ၏ တုံ့ပြန်မှုကို ရရှိစေရေးအတွက် သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာမှ သေနတ်သမား သုံးဦးသေဆုံးခဲ့ရခြင်းဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

သေဆုံး

ရဲတပ်ဖွဲ့ သတင်းရပ်ကွက်တစ်ခုကမူ အမေရိကန်တပ်ဖွဲ့ဝင်များသည် မိုဆူးလ်မြို့တောင်ပိုင်း အယ်လ်ဘိုဆာအစ်ဖ်ကျေးရွာရှိ အိမ်တစ်အိမ်ကို ဝင်ရောက်စီးနင်းခဲ့ကြရာ ယင်းအိမ်အတွင်းရှိ ညီအစ်ကိုသုံးဦးသေဆုံးခဲ့ကြောင်း ဆိုသည်။ နီနီဝါပြည်နယ်၏ မြို့တော်မိုဆူးလ်မြို့သည် အီရတ်နိုင်ငံ၏ မြို့တော် ဘဂ္ဂဒက်မြို့၏ မြောက်ဘက် ၄၀၅ ကီလိုမီတာအကွာ၌ တည်ရှိသည်။

(အင်တာနက်)

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ မေလက လှုပ်သွားသော အင်အားပြင်းငလျင်ကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည့် မိသားစု ၄၀၀ တို့အား နေအိမ်သစ်များသို့ ပြောင်းရွှေ့ပေးသည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပခဲ့သည်ကို ဇန်နဝါရီ ၂၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကြက်ငှက်တုပ်ကွေး နီပေါ၌ ဖြစ်ပွား ကြက်ကောင်ရေ အမြောက်အမြား သုတ်သင်ခဲ့ရ

ခတ္တမန္ဒူ ဇန်နဝါရီ ၂၃

နီပေါနိုင်ငံ အရှေ့တောင်ပိုင်းတွင် ဇန်နဝါရီ ၁၆ရက်က ကြက်ငှက်တုပ်ကွေးရောဂါ ပြန်လည်ဖြစ်ပွားသည်ကို တွေ့ရှိရပြီးနောက် ကြက်ကောင်ရေ ၁၂၀၀၀ကို သုတ်သင်ခဲ့ရကြောင်း ဇန်နဝါရီ ၂၁ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ယင်းနိုင်ငံတွင် H_5N_1 ဗိုင်းရပ်စ်ပိုးကို ပထမဆုံးတွေ့ရှိကာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကတည်းက ကြက်သားရောင်းဝယ်မှု၊ စားသုံးမှုများကို ထိခိုက်စေခဲ့သည်။

ယင်းနိုင်ငံအရှေ့တောင်ပိုင်း အစွန်အဖျားဒေသ ဂျာဖာဒေသအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ဆရာဝန်တစ်ဦးစီ ပါဝင်သော ကာကွယ်ကုသရေးအဖွဲ့ငယ် ၁၃ဖွဲ့ကို အမြန်ဆုံး ဖွဲ့စည်းဆောင်ရွက်ပေးခဲ့သည်။

အိမ်နီးချင်း ဆစ်ကင်မ်ပြည်နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့ကြောင်း အိန္ဒိယနိုင်ငံက အတည်ပြုခဲ့သည်ဟု ဆိုသည်။

(အင်တာနက်)

ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသောယာဉ်အား ကရိန်းဖြင့်သယ်မနေသည်ကို ဇန်နဝါရီ ၂၂ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘရာဇီး၌ ရေလွှမ်းမှုနှင့် မြေပြိုမှုများဖြစ်ပွား ခုနစ်ဦးသေဆုံး၊ လူ ၂၀၀ကျော် ရွှေ့ပြောင်းပေးခဲ့ရ

ရီယိုဒီဂျနေးရိုး ဇန်နဝါရီ ၂၃

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုး၌ ဒီဇင်ဘာ ၂၁ရက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုများကြောင့် မြေပြိုမှုများနှင့် ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ရာ ခုနစ်ဦး သေဆုံးသွားကြောင်း၊ လူ ၂၀၀ကျော်မှာလည်း နေအိမ်များကိုစွန့်ခွာ၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်း ပေးခဲ့ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ထပ်မံဖြစ်ပွား

ရီယိုမြို့ရှိ အဝေးပြေးလမ်းမကြီး အနီးတွင် ဖြစ်ပွားခဲ့သောမြေပြိုမှုမှာအပြင်းထန်ဆုံးဖြစ်သည်။ အခြားနေရာများတွင်လည်း မြေပြိုမှုခုနစ်ခု ထပ်မံဖြစ်ပွားခဲ့သည်။

ဒီဇင်ဘာ ၂၁ရက်က တစ်နေကုန် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ရီယိုမြို့၏ နေရာအနှံ့၌ရေလွှမ်းမှုများဖြစ်ပေါ်ကာ သွားလာရေးများလည်း ပြတ်တောက်သွားခဲ့သည်။**(အောက်ပုံ)** မြို့တောင်ပိုင်းတွင် ရေလွှမ်းမှုမှာ အများဆုံးဖြစ်ကာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သုံးထပ်အဆောက်အအုံတစ်ခုမှာ ပြိုကျသွားခဲ့သည်။ ၂၀၀၈ ခုနှစ်က ဆန်တာကာတရီနာပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ရေလွှမ်းမှု၌ ၁၃၅ဦး သေဆုံးပြီး ၇၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**



နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

တရုတ်အရှေ့ပိုင်း၌ ယာဉ်တိုက်မှုဖြစ်ပွား ကိုးဦးသေဆုံး ၂၀ကျော် ဒဏ်ရာရ

ပေကျင်း ဇန်နဝါရီ ၂၃

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ်ရှိ အဝေးပြေးလမ်းမကြီးပေါ်၌ ဇန်နဝါရီ ၂၁ရက်က ယာဉ်ဆင့်ကဲတိုက်မှုဖြစ်ပွားရာ ကိုးဦးသေဆုံးပြီး ၂၀ကျော် ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ မတော်တဆမှုမှာ ယင်းနေ့နံနက် ၈နာရီ မိနစ် ၂၀ခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ရာ ဘတ်စ်ကားသုံးစီးအပါအဝင် ယာဉ် ၁၀စီးကျော် ဆင့်ကဲ တိုက်မိခဲ့ကြခြင်းဖြစ်သည်။

စုံစမ်းစစ်ဆေး

ကားတစ်စီးမှာ ထရပ်ကားအောက်အတွင်း ရောက်ရှိသွားကာ ယင်းကားပေါ်တွင် လိုက်ပါလာသူ လေးဦးစလုံး သေဆုံးခဲ့သည်။ အခင်းဖြစ်ပွားရာသို့ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာကြပြီး ကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန်လုပ်ဆောင်ခဲ့ကြသည်။ ယာဉ်မတော်တဆမှုဖြစ်ပွားရသည့် အကြောင်းရင်းကိုမူ စုံစမ်းစစ်ဆေးဆဲဖြစ်သည်။ **(အင်တာနက်)**

အလုပ်သမားဝန်ကြီး ဦးအောင်ကြည်အား IOM မှ ဒုတိယညွှန်ကြားရေးမှူးချုပ် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၃

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား International Organization for Migration (IOM)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mme. Ndioro Ndiaye သည် အရှေ့တောင်အာရှဒေသဆိုင်ရာ ကိုယ်စားလှယ် Mrs. Irena Vojackova Sollorano လိုက်ပါလျက် ယနေ့ညနေ ၃နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သူများအတွက် အဖွဲ့၏ဆောင်ရွက်ချက်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား **International Organization for Migration (IOM)** မှ ဒုတိယညွှန်ကြားရေးမှူးချုပ် **Mme. Ndioro Ndiaye** နှင့် အရှေ့တောင်အာရှဒေသဆိုင်ရာ ကိုယ်စားလှယ် **Mrs. Irena Vojackova Sollorano** တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဇန်နဝါရီ ၂၃ရက်က သြစတြေးလျနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သြစတြေးလျ နိုင်ငံ သံအမတ်ကြီး **H.E. Michelle Chan** ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သဘာဝဘေးအင်တာနက်ဖော်ပြတ်သတင်း

မာဒါဂတ်စကာကျွန်း၌ ဆိုင်ကလုန်းတိုက်ခတ် အိမ် ၂၆၀၀ခန့် ပျက်စီး၊ သေဆုံးဒဏ်ရာရမှု ဖြစ်ပေါ်

မာဒါဂတ်စကာ ဇန်နဝါရီ ၂၃

အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မာဒါဂတ်စကာကျွန်းနိုင်ငံတွင် ဇန်နဝါရီ ၂၃ရက်က ဖာနေလီအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့မှုကြောင့် နေအိမ်၂၆၀၀ ခန့် ပျက်စီးခဲ့ပြီး (အပေါ်ပုံ) လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ကြောင်း အိန္ဒိယမိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

ဖာနေလီအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းသည် တစ်နာရီ မိုင် ၉၀နှုန်း တိုက်ခတ်ခဲ့သဖြင့် မာဒါဂတ်စကာကျွန်းတွင် နေအိမ်အမိုးများ ၈၀ရာခိုင်နှုန်းခန့် ပျက်စီးခဲ့ပြီး တစ်ဦးသေဆုံးကာ လူအချို့ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

လေဘေးသင့်ခံရသော ဒေသခံများအား နီးစပ်ရာစာသင်ကျောင်းများ၌ ခေတ္တခိုလှုံခွင့်ပေးထားကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၌ ရေလွှမ်းပြီး မြေပြို ခုနစ်ဦးသေဆုံး၊ နေအိမ်အချို့ပျက်စီး

ရီယိုဒီဂျနေရိုး ဇန်နဝါရီ ၂၃

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့တွင် ဇန်နဝါရီ ၂၃ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုနှင့် မြေပြိုမှုများဖြစ်ပွားရာ ခုနစ်ဦးသေဆုံးခဲ့ကြောင်း ဘရာဇီးနိုင်ငံ မိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။

မြေပြိုမှုမှာ ရီယိုဒီဂျနေရိုးမြို့ရှိ အဓိကကားလမ်းမကြီး၌လည်း ဖြစ်ပွားသည့်အပြင် အနီးဝန်းကျင်မြို့များဖြစ်သော မာကာကူနှင့် နိုဗာဖရီဘူရာဂို မြို့တို့တွင်လည်း ရေလွှမ်းမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည်။

ရီယိုဒီဂျနေရိုးမြို့၏ အဓိကလမ်းမကြီးတွင် မြေပြိုမှုဖြစ်ပွားသဖြင့် မော်တော်ယာဉ်သွားလာမှု ရပ်ဆိုင်းသွားခဲ့ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်သုံးလုံး ပြိုကျသွားခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

နိုင်ငံတကာစာပို့တံဆိပ်ခေါင်း ဖိတ်ခေါ်ဒီဇိုင်းပြိုင်ပွဲ မြန်မာနိုင်ငံမှ ဆုများဆွတ်ခူးရရှိ

ရန်ကုန် ဇန်နဝါရီ ၂၃

ကိုရီးယားသမ္မတနိုင်ငံ စာပို့တိုက်ဌာန (Korea Post)၏ အစီအစဉ်ဖြင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဦးစီးဌာနက ကြီးမှူးကျင်းပခဲ့သည့် ၂၀၀၉ ခုနှစ် နိုင်ငံတကာ စာပို့တံဆိပ်ခေါင်းဖိတ်ခေါ်ဒီဇိုင်းပြိုင်ပွဲ နိုင်ငံတကာအဆင့် ဆုရရှိသူများစာရင်းကို ကိုရီးယားသမ္မတနိုင်ငံ စာပို့တိုက်ဌာနက ထုတ်ပြန် ကြေညာခဲ့ရာ မြန်မာနိုင်ငံမှ အကြီးတန်း (General Category)တွင် မချိုဇော်အောင် (ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်)က ထူးချွန်ဆု (Award of Excellence)၊ ကိုကျော်ခိုင် (ဂရပ်ဖစ်ဒီဇိုင်နာ) က အထူးဆု (Special Prize) နှင့် အငယ်တန်း (Youth Category) တွင် မယဉ်သူဇာအောင် အထက(၂)၊ လသာ က ဂုဏ်ပြုဆု (Honorable Prize) တို့ကိုရရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

General Category
(Theme; Love for the Earth)
ထူးချွန်ဆု (Award of Excellence)
မချိုဇော်အောင်
(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)



ဖြူနီညိုဝါ လူမျိုးပေါင်းစုံတို့၏ ချစ်ခြင်းမေတ္တာ လွှမ်းခြုံမှုကြောင့် ဘေးကင်းလုံခြုံနေခြင်းကို ညွှန်းဆိုသည့် အေးမြသည့် အပြာရောင်၊ ကျန်းမာကြံ့ခိုင်မှုကိုဖော်ညွှန်းသည့် ကြည်လင်တောက်ပနေသော မျက်လုံး၊ ပြည့်စုံကြွယ်ဝမှုကို ထင်ဟပ်နေသည့် အစိမ်းရောင်မြေပြင်တို့ဖြင့် ပြုံးပျော်နေသော ကမ္ဘာမြေ။

Youth Category
(Theme: Asia that becomes one through stamps)
ဂုဏ်ပြုဆု (Honorable Award)
မယဉ်သူဇာအောင်
(အထက-၂၊ လသာ)

အာရှ လူငယ်လေးများ၏ ချစ်ကြည်ပေါင်းစည်းမှု။

General Category
(Theme; Love for the Earth)
အထူးဆု (Special Prize)
ကိုကျော်ခိုင်
(ဂရပ်ဖစ်ဒီဇိုင်နာ)

နွေးထွေးနေသော ကမ္ဘာရွာ

ချစ်ခြင်းမေတ္တာတရား၏ ထွေးပိုက်မှုဖြင့် ကျန်းမာ ကြံ့ခိုင်၍ ဘေးကင်းလုံခြုံပြီး ကြွယ်ဝနွေးထွေး နေသော ကမ္ဘာရွာ။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

အမှာစကား

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အလက(၈) တောင်ဥက္ကလာပတို့ ပူးပေါင်းဆောင်ရွက်သော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ ရက်က အလက(၈) တောင်ဥက္ကလာပကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျင်ကျင် အဖွင့်အမှာစကား ပြောကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ ခုနှစ်
ဇန်နဝါရီလအတွက်
နောက်ဆုံးပတ်
(တနင်္ဂနွေနေ့)
၂၅-၁-၂၀၀၉ ရက်နေ့
၂၀၀၉ ခုနှစ်
ဖေဖော်ဝါရီလအတွက်
၈-၂-၂၀၀၉ ရက်နေ့
နှင့်
၂၂-၂-၂၀၀၉ ရက်နေ့။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း မကွေးမြို့နယ် သရက်ပင်ကျေးရွာ သရက်ချောင်း၌ စိုက်ပျိုးထားသော Golden Crops ကုမ္ပဏီ၏ ကြက်သွန်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(စီးပွား/ကူးသန်း)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ဧရာဝတီတိုင်းအတွင်းရှိ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၂၃

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် ဇန်နဝါရီ ၁၈ရက်က ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ဧရာဝတီတိုင်းရှိ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် ဇန်နဝါရီ ၁၉ရက်က ရေကြည်မြို့နယ် တက်ဆိပ်ကျေးရွာမှ တောင်သူ ဦးလှသန်း၏ မတ်ပဲ ငါးဧကစိုက်ခင်းသို့ ရောက်ရှိကာ ဒေသခံတောင်သူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး ဆွေးနွေးမှာကြားသည်။

စိုက်ခင်းကြည့်ရှု

ထိုမှတစ်ဆင့် ဝန်ကြီးသည် မကွေးတိုင်း မင်းတုန်းမြို့နယ် မဲဇလီကျေးရွာသို့ ရောက်ရှိပြီး တောင်သူဦးရွှေလှ၏ ကုလားပဲ စိုက်ခင်း၌ ဒေသခံတောင်သူများအားတွေ့ဆုံကာ မင်းဘူး(စကု)မြို့နယ် ကန်ရေကျေးရွာသို့ ဆက်လက်သွားရောက်၍ တောင်သူ ဦးသောင်းကြည်၏ ကုလားပဲစိုက်ခင်းကို ကြည့်ရှုသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၂၀ရက်တွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့်အတူ မကွေးတိုင်းအတွင်းရှိ ကုန်သည်လုပ်ငန်းရှင်များအားတွေ့ဆုံပြီး မကွေးမြို့နယ် သရက်ပင်ကျေးရွာ သရက်ချောင်း၌ စိုက်ပျိုးထားသော Golden Crops ကုမ္ပဏီ၏ ကြက်သွန်စိုက်ခင်းများကိုလည်းကောင်း၊ နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ကျေးရွာ အုပ်စု ယင်းချောင်း၌ စိုက်ပျိုးထားသော ပြည့်ဖြိုးအောင်ကုမ္ပဏီ၏ ကြက်သွန်နှင့် သီးနှံစိုက်ခင်းများကို လည်းကောင်း၊ မြို့သစ်မြို့နယ် တပ်ကုန်းကျေးရွာရှိ တိုးတက်လင်းနှင့် နယူးဂိုးလ်ဒင်ဂိတ်ကုမ္ပဏီတို့၏ ကြက်သွန် စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုကာ ပြည်တွင်း ပြည်ပဈေးကွက်များတွင် တိုးတက်ရောင်းချနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း ဝန်ကြီးဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဇန်နဝါရီ ၁၆ရက် နံနက်ပိုင်းက ဆွမ်ပရာဘွမ်မြို့မှ ထွက်ခွာပြီး မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း မိုင်တိုင် အမှတ်(၁၃၄/၇) နှင့်(၁၃၅/၀)ကြား၌ လမ်းမျက်နှာပြင် သိပ်သည်းအောင် ဆောင်ရွက်ထားမှု၊ မိုင်တိုင်အမှတ် (၁၃၆/၂)နှင့် (၁၃၆/၃) ကြား၌ ရေနုတ်မြောင်း ဖောက်လုပ်နေမှု၊ မိုင်တိုင်အမှတ်(၁၃၇/၀)၌ လမ်းအခြေအနေများ၊ မိုင်တိုင်အမှတ် (၁၃၉/၀) နှင့်(၁၃၉/၁)ကြား၌ တံတားငယ် တည်ဆောက်ပြီးစီးမှုနှင့် မိုင်တိုင် အမှတ်(၁၄၂/၀)နှင့် (၁၄၂/၁)ကြား၌ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၄) စီမံကိန်း စခန်းသို့ ရောက်ရှိရာ အင်ဂျင်နီယာမှူး ဦးကျော်ဝင်းက လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း၊ မိုင်တိုင် အမှတ်(၁၇၀)ရှိ ဆွမ်ပီယံစခန်း ရှင်းလင်းဆောင်၌ ကချင်ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ကျော်က လမ်းတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁)က တာဝန်ယူဆောင်ရွက်သည့် (၁၆၉/၆)မိုင်မှ (၁၈၄)မိုင်လမ်းပိုင်း အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မိုင်တိုင်အမှတ်(၁၈၂/၇)ရှိ လမ်းမျက်နှာပြင်ချဲ့ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၁၉၂/၂)ရှိ တန်ဂျာစခန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ အင်ဂျင်နီယာမှူး ဦးလှမြင့်က ပူတာအိုခရိုင်မှ တာဝန်ယူဆောင်ရွက်သည့် လမ်းပိုင်းနှင့် တန်ဂျာတံတား ကြံ့ခိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် Indo-Myanmar ကုန်သည်စက်မှုအသင်းတို့တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဦးအောင်လွင်နှင့် ဦးမြဟန်၊ အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၂)ဦးထွန်းအောင်၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များအား အိန္ဒိယသမ္မတနိုင်ငံ Indo-Myanmar Chamber of Commerce & Industriesမှ ဥက္ကဋ္ဌ Mr.G.L Goenka ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၂ဦးတို့ပါဝင်သော အိန္ဒိယကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၅ရက်က ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ နှစ်နိုင်ငံကုန်သည်များအကြား အငြင်းပွားမှု တစ်စုံတစ်ရာဖြစ်ပေါ်ပါက ညှိနှိုင်းဖြေရှင်းမှုပြုလုပ်နိုင်ရေးအတွက် အငြင်းပွားမှု ဖြေရှင်းရေး ပူးတွဲကော်မတီတစ်ခု ဖွဲ့စည်းနိုင်ရေးကိစ္စ၊ အိန္ဒိယသမ္မတနိုင်ငံသို့ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများ တင်ပို့ရောင်းချရာတွင် FOBစနစ်မှ CIF စနစ်ဖြင့် တင်ပို့ရောင်းချနိုင်ရေးကိစ္စတို့ကို ဆွေးနွေးကြသည်။ **(အောက်ပုံ)**

ဆွေးနွေး

ယင်းနောက် Indo-Myanmar ကိုယ်စားလှယ်အဖွဲ့ဝင် စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအကြား ဝယ်သူရောင်းသူတွေ့ဆုံ ဆွေးနွေးမှုကို အသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံမှ ပဲမျိုးစုံ၊ ဆန်၊ ငရုတ်၊ ကြက်သွန်၊ နှမ်းတက်စသည့် လယ်ယာထွက်ကုန်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ ရော်ဘာပစ္စည်း၊ လက်မှုလုပ်ငန်းအနုပညာပစ္စည်းများ၊ ကျောက်မျက်ရတနာ၊ တိုင်းရင်းဆေးဝါးများ၊ အလှကုန်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများကို စားပွဲတင် ခင်းကျင်းပြသထားပြီး မြန်မာစီးပွားရေး လုပ်ငန်းရှင်များက လုပ်ငန်းကဏ္ဍအလိုက် လည်းကောင်း၊ ဝယ်ယူရောင်းချနိုင်မည့် အရေအတွက်၊ ဈေးနှုန်း၊ အရည်အသွေးတို့ကို ဆက်လက်ဆက်သွယ်ဆောင်ရွက်သွားရန်ကို လည်းကောင်း၊ အိန္ဒိယကိုယ်စားလှယ်အဖွဲ့ဝင်၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း စက်ကိရိယာပစ္စည်းများရောင်းချလိုခြင်း၊ Solar စွမ်းအင်စနစ် ပူးပေါင်းဆောင်ရွက်လိုခြင်းကိစ္စများကိုလည်းကောင်း ဆွေးနွေးကြသည်။

ဖြေကြား

ထို့နောက် Indo - Myanmar ကုန်သည်စက်မှုအသင်း ကိုယ်စားလှယ်အဖွဲ့သည် သတင်း၊ ဂျာနယ်များမှ ပုဂ္ဂိုလ်များအား တွေ့ဆုံရှင်းလင်း၍ မေးမြန်းချက်များကို ဖြေကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ယာဉ်လိုင်းလုပ်ငန်းကော်မတီဌာနခွဲ(၃)၏ ယာဉ်တိုက်ခိုက်မှုကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၀ရက်က မြောက်ပိုင်းခရိုင် အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ခရိုင်ယာဉ်လိုင်း ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးတင်ယုက အမှာစကား ပြောကြားသည်။

ပညာပေးဟောပြော

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁)နယ်မြေကြီးမှဲ့ကြေးနန်းယာဉ်ထိန်းတပ်ဖွဲ့ ဒုတိယရဲမှူး ကျော်စိုး**(အောက်ပုံ)**က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး ဟောပြောပြီး ဌာနခွဲ(၃) ဌာနခွဲမှူးဦးထွန်းတင်က အမှာစကား ပြောကြားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း စက်မှုလယ်ယာ စံပြစိုက်ပျိုးရေးအထူးဇုန်ဆောင်ရွက်ရန် ညှိနှိုင်းစည်းဝေး

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်း စက်မှုလယ်ယာစံပြစိုက်ပျိုးရေးအထူးဇုန် ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ၃နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံအင်တာနေရှင်နယ်လီမိတက်၏ စံပြစိုက်ပျိုးရေး စီမံကိန်းရှင်းလင်းဆောင်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များက လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ရေသွင်းစိုက်ပျိုး

ထို့နောက် တိုင်းမှူးသည် ဒဂုံအင်တာနေရှင်နယ်လီမိတက်၏ နွေစပါး ဧက ၂၀၀ စိုက်ကွင်းအတွင်း မြေပေါ်ရေသွင်းမြောင်း၊ ရေနုတ်မြောင်း၊ လက်တံမြောင်းများ တူးဖော်ထားရှိမှုများနှင့် ခေတ်မီလယ်ထွန်စက်များဖြင့် ထွန်ယက်နေမှုများ၊ ရေသွင်းစိုက်ပျိုးပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် ယုဇနကုမ္ပဏီ၏ နွေစပါးစိုက်ကွင်းနှင့် ထူးထရေးဒင်းကုမ္ပဏီ၏ နွေစပါးစံပြစိုက်ကွင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ဆင်းရွှေလီကုမ္ပဏီလီမိတက်၏ နွေစပါးစံပြစိုက်ကွင်းသို့ ရောက်ရှိပြီး ခေတ်မီလယ်ထွန်စက်များဖြင့် ထွန်ယက်စိုက်ပျိုးနေမှုများ၊ ရေသွင်းစိုက်ပျိုးနေမှုများနှင့် အတန်းလိုက်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး တိုင်းမှူးက မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ဆင်းရွှေလီကုမ္ပဏီလီမိတက်၏ နွေစပါးစံပြစိုက်ကွင်းအတွင်း အတန်းလိုက်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မြင်းမူမြို့နယ် တောချောင်းဦးကျေးရွာ စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်မီးစက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(သတင်းစဉ်)

မြင်းမူမြို့နယ်၌ စပါးခွံဓာတ်ငွေ့သုံးလျှပ်စစ်မီးစက်ဖွင့်

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၂၃

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် အေးရိပ်မွန်(၂) မိဘမဲ့မိန်းကလေးကျောင်းသို့ အလှူငွေနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၁ရက် နံနက် ၈ နာရီက အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားပြီး ကျောင်းအတွက် အလှူငွေကျပ်နှစ်သိန်း၊ အားကစားပစ္စည်းများ၊ ဗလာစာအုပ်များနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် အထောက်အကူပြုစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

တက်ရောက်

ဝန်ကြီးသည် ဇန်နဝါရီ ၂၁ရက် နံနက် ၁၀နာရီက မြင်းမူမြို့နယ် တောချောင်းဦးကျေးရွာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအခြေစိုက်စခန်း၊ အလင်းသစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် စပါးခွံ ဓာတ်ငွေ့သုံး လျှပ်စစ်မီးစက် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ကုန်ကျ

အဆိုပါ စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်မီးစက်မှာ ၅၀KVA ဓာတ်အားထွက်ရှိသဖြင့် အိမ်ခြေ ၂၃၀၊ ဗီဒီယိုရုံ ၂၀ကျော်နှင့် လမ်းမီးအပါအဝင် ကျေးရွာအတွက် ရေပေးဝေရေးကိုပါ ဆောင်ရွက်နိုင်ကြောင်း၊ စုစုပေါင်းငွေကျပ် ၈၅ သိန်း ကုန်ကျခဲ့ကြောင်း သိရသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အားကစားပစ္စည်းများနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၂ရက်က တာမွေမြို့နယ် အရိုးကုန်းရပ်ကွက်၌ မြို့နယ်မီးသတ်ဦးစီးအရာရှိ ရဲဗလမျိုးဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ကြည်နှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်းရှိ လုပ်ငန်းရှင်များနှင့် လူနေအိမ်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (၁၇၁)

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများ

လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဇန်နဝါရီ ၂၀ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်း ဖြူးမြို့နယ် သဘော်မြောင်ရိုးအနီး ဖြူးချောင်းပေါ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)က တည်ဆောက်နေသော ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ရောက်ရှိရာ ညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ဆောင်ရွက်ပြီးနှင့်ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ပင်မတမံ

ထို့နောက် ဝန်ကြီးသည် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများဆောင်ရွက်နေမှု၊ ရေလွှဲဥမင်မှတစ်ဆင့် ရေလွှဲနေမှုနှင့် ပင်မတမံ တည်ဆောက်ရေးလုပ်ငန်း၊ စိန်လွှန်တူးလုပ်ငန်း၊ ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဖြူးချောင်း ရေလှောင်တမံဘက်စုံစီမံကိန်းမှာ စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးမှု ဆည်မြောင်းစီမံကိန်းများအနက်တစ်ခုဖြစ်ပြီး တမံအလျားပေ ၁၀၂၀၊ တမံအမြင့် ၂၄၅ပေရှိ မြေသားတမံ အမျိုးအစားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။

စိုက်ပျိုးရေ ပေးဝေနိုင်မည်

စီမံကိန်းပြီးစီးသွားပါက လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီ သန်းပေါင်း ၁၂၁သန်း ထုတ်နိုင်မည်ဖြစ်ပြီး ရေလွှဲဆည်မှတစ်ဆင့် အုတ်တွင်းမြို့နယ်နှင့် ဖြူးမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေ ဧရိယာ ဧက ၁၀၀၀၀၀ခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှည်းကူးမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖောင်ကြီးအနောက် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ရက်က အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးရီက ၁၅နှစ်ဆက်တိုက် ကျောင်းတက်ရက်မှန်ဆုရရှိသော အလယ်တန်းပြဆရာမ ဒေါ်တင်တင်ခိုင်အား ဆုချီးမြှင့်စဉ်။ (၁၂၇)

စလင်းမြို့မဈေး မီးအန္တရာယ်ကင်းရေးစစ်ဆေး

စလင်း ဇန်နဝါရီ ၂၃

မကွေးတိုင်း စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးမီးဘေးလုံခြုံရေးနှင့်ဆက်သွယ်သုံးစွဲထားသည့် လျှပ်စစ်မီးဝိုင်ယာကြိုး၊ဆက်စပ်ပစ္စည်းများအန္တရာယ်ကင်းရှင်းမှု ရှိစေရေးအတွက် အမှုဆောင်အရာရှိ ဦးသန်းဦး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ကျော်အောင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးဌေးမော်နှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့ ပူးပေါင်း၍ ဇန်နဝါရီ ၁၈ရက်က စစ်ဆေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးဆွေးနွေး

မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို ရေတွင်းကုန်းရပ်ကွက် နဝဒေးစာကြည့်တိုက်တွင် ဇန်နဝါရီ ၁၆ ရက်က ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က စာကြည့်တိုက်များရှင်သန်ခိုင်မာရေး ဆွေးနွေးစဉ်။

(မြို့နယ် ပြန်/ဆက်)

မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာစံပြကျေးရွာရှိ လမ်းမကြီးများမှာ ဖြောင့်တန်းကျယ်ပြန့်ပြီး တစ်ရွာလုံး ရှင်းသန့်လျက်ရှိနေသည်ကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

❒ ကျောဖုံးမှ

သို့သော်လည်း လုံ့လနှင့်ဇွဲ၊ အားမာန်ခဲ၍ အောင်ပွဲရရန် လှမ်းချီခဲ့ကြသော ပြည်သူတို့၏နိုးကြားတက်ကြွသော အားမာန်အဟုန်တို့မှာ အရာရာကို ကျော်လွှားအောင်မြင်နိုင်ခဲ့ပါသည်။ စိန်ခေါ်သူနာဂစ်ကိုပင် ပြည်သူ့စွမ်းအားဖြင့် အနိုင်ယူခဲ့ပါသည်။

ကွာခြားမှု

ထို့ကြောင့်လည်း စာရေးသူသည် စံပြကျေးရွာသုံးရွာသို့ မရောက်ရောက်အောင် သွားရောက်ကြည့်ရှုမည်။ ယခင်တွေ့မြင်ခဲ့ရသော ကျေးရွာအခြေအနေနှင့် ယခုစံပြကျေးရွာတည်ဆောက်ပြီးစီးမှုအခြေအနေ၊ မည်သို့မည်ပုံ ကွာခြားသွားသည်ကိုလည်း ကြည့်ရှုလိုသောဆန္ဒအဟုန်ဖြင့် သွားရောက်ခဲ့ခြင်း ဖြစ်ပေသည်။

ဇန်နဝါရီ ၈ရက် နံနက်စောစောပိုင်းက နှင်းကမကွဲသေး…။ အအေးဓာတ်က မင်းမူကြီးစိုးနေဆဲ၊ နံနက် ငါးနာရီခွဲ မှုန်ပြပြအလင်းရောင်အောက်တွင် မော်လမြိုင်ကျွန်းမြို့မှ ရေယာဉ်စတင်ထွက်ခွာခဲ့သည်။ မော်လမြိုင်ကျွန်းမြို့မှာ နှင်းမှုန်လွှာများကြားတွင် နိုးထစပင်ရှိသေးသည်။

မြတ်နိုးအောင်ပဲ့ထောင်ရေယာဉ်သည် နှင်းကြားထဲသို့တိုးဝင်ပြီး အားမာန်ဖြင့် လှမ်းချီကာ အအေးဓာတ်ကို အန်တုနေသည်။ စာရေးသူမှာ ကြက်လျှာစံပြကျေးရွာသို့ နေ့ချင်းပြန်ခရီး သွားရောက်လေ့လာပြီး ကျုံးမငေးမြို့သို့ ခရီးနှင်ရပေဦးမည်။

ထိုနေ့က ကြက်လျှာမြစ်ပြင်ကျယ်မှာ လှိုင်းလေမရှိ၊ ပကတိအေးချမ်းနေသည်။ နှစ်နာရီခန့် ခုတ်မောင်းပြီးသောအခါ ကြက်လျှာစံပြကျေးရွာအား အဝေးမှလှမ်းမြင်နေရသည်။ သွပ်မိုးဖွေးဖွေး အဆောက်အအုံများဖြင့် အစီအရီ။ ကြက်လျှာစံပြကျေးရွာပေါ်သို့ ရောက်သောအခါ ကြက်လျှာစံပြကျေးရွာ၏ သာယာလှပမှု၊ မြင်ကွင်းပုံရိပ်တို့က စံပြကျေးရွာ၏ အင်္ဂါရပ်များနှင့်အညီ စည်ပင်ဖွံ့ဖြိုး တိုးတက်နေပြီဖြစ်၍ ကြက်လျှာစံပြကျေးရွာ၏ မြင်ကွင်းတို့ကို စာရေးသူ လုံးဝမမှတ်မိတော့။ ကြက်လျှာမှ ဟုတ်ပါလေစ…ဟု စာရေးသူ ရင်ထဲတွင် တွေးနေမိသည်။

စာရေးသူရောက်ခဲ့စဉ်က ကြက်လျှာကျေးရွာမှာ လမ်းတစ်လမ်းသာရှိပြီး အိမ်ကြီးအိမ်ကောင်းသိပ်မရှိလှ။ ဓနိမိုး၊ ထရံကာ နေအိမ်များသာ အများစုဖြစ်သည်။

အခြေမြင့်အသွင်တင့်

ယခုတော့ ကြက်လျှာစံပြကျေးရွာမှာ ယခင်နှင့် ဘာမျှမဆိုင်တော့။ အပြောင်းလဲကြီးပြောင်းလဲတိုးတက်သွားချေပြီ၊ နေအိမ်တိုင်းတွင် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ နေအိမ်များနှင့် လူနေမှု အခြေမြင့်၊ အသွင်တင့်သွားကြပြီဖြစ်သည်။

ကြက်လျှာစံပြကျေးရွာတွင် ကျေးရွာလုံးကျွတ် ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲထားသည်ကို တွေ့မြင်ရပြီး ရွာလမ်းဘေးဝဲယာတို့တွင် အရိပ်ရ လေကာပင်များနှင့် အိမ်ခြံဝင်းအနောက်ဘက်တို့တွင် ဆယ်မျိုးဆယ်ပေါင် ဟင်းသီးဟင်းရွက် သီးနှံစုံစိုက်ခင်းများကိုလည်း တွေ့မြင်ခဲ့ရသည်။ ကြက်လျှာတစ်ရွာလုံး ရှင်းသန့်နေပြီး နေအိမ်အကွက်ဖော် ဆောက်လုပ်ထားမှုမှာ သပ်ရပ်ခိုင်ခံ့မှုကို တွေ့မြင်ခဲ့ရသည်။ လူနေအိမ်များကို တီဇက်တီအမ် ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ပေသည်။

ယခင်က ကြက်လျှာကျေးရွာတွင် ခေါက်ဆွဲဆိုင်၊ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် ကုန်မျိုးစုံဆိုင်တို့ကို မတွေ့ခဲ့ရပေ။ ယခုတော့ စားသောက်ဆိုင်ကား စုံလှသည်။ အလှပစ္စည်းအရောင်းဆိုင်ပင် ရှိလိုက်သေးသည်။ ကြက်လျှာစံပြကျေးရွာတွင် ဝယ်ချင်သည့်ပစ္စည်းလည်း အစုံရသည်။ ငါး၊ ပုစွန်ဈေးကလည်း ချိုမှချိုပင်။

ကြက်လျှာစံပြကျေးရွာ အဝင်လမ်းမကြီးအတိုင်း လှမ်းဝင်ခဲ့ရာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်က စာရေးသူကို လက်ပြနှုတ်ဆက်နေသည်။ ဗဟုသုတရှာမှီးနေကြသော ကြက်လျှာပြည်သူများ၏ မြင်ကွင်းကို ကြည့်ရှုလိုသဖြင့် အလင်းရောင်ကျေးလက် စာကြည့်တိုက်အတွင်း လှမ်းဝင်လိုက်သောအခါ ကျေးလက်စာကြည့်တိုက်မှူး၏ ကြိုးကြပ်မှုဖြင့် မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာအုပ်မျိုးစုံတို့ကို ကျေးရွာသူ၊ ကျေးရွာသားများ စိတ်ဝင်စားစွာ လာရောက်ဖတ်ရှုနေကြသည်။ အချို့လည်း နေအိမ်တွင် အေးအေးဆေးဆေး ဖတ်ရှုရန် ငှားရမ်းသွားကြသည်ကို တွေ့ရသည်။

ကြက်လျှာစံပြကျေးရွာကတော့ ဖွံ့ဖြိုးတိုးတက်စည်ပင်နေပြီဖြစ်သည်။ အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်သွားပြီဖြစ်သည်။ ကြက်လျှာစံပြကျေးရွာ၏ တိုးတက်မှုအဖုံဖုံ၊ သတင်းစုံကို ကြည့်ရှုလေ့လာခဲ့ပြီးနောက် ဇန်နဝါရီ ၉ ရက် နံနက်ဂုနာရီတွင် ကျုံးမငေးမြို့မှ ပြင်စလူမြို့သို့ ပဲ့ထောင်ရေယာဉ်ဖြင့် ခရီးဆက်ခဲ့သည်။

လမ်းခရီးတစ်လျှောက် ကျယ်ပြောလှသည်။ ကျွန်းပြသာဒ်မြစ်နှင့် ပြန်မလော့ မြစ်ပြင်ကျယ်ကြီးများကို ဖြတ်သန်းခုတ်မောင်းနေသော်လည်း မြစ်ရေပြင်မှာ လှိုင်းလေမရှိ၊ ဒေါသမာန်မပွား အေးချမ်းလှပါဘိ။ ကမ်းတစ်ဖက်စီကို လှမ်းမျှော်ကြည့်ရှုလိုက်သောအခါ မှုန်ပျပျကမ်းခြေများကို ရေးတေးတေးသာ တွေ့မြင်နေရသည်။ မြစ်ပြင်ကျယ်ကို ဖြတ်သန်းတိုက်ခတ်လာသော ဆောင်းလေနုအေးက တိုးဝှေ့ကျီစယ်နေပြန်သဖြင့် ချမ်းစိမ့်စိမ့် အထိအတွေ့ကို ခံစားမိပါသည်။

သာယာလှပနေ

တိုင်းဇရာ ပဲ့ထောင်ရေယာဉ်သည် မည်သူကိုမျှ ဂရုမစိုက်အား ပြင်စလူမြို့သို့သာ ဦးတည်လျက် ရေလွှာပြင်ပေါ်တွင် တရိပ်ရိပ် ပြေးလွှားနေသည်။

မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာစံပြကျေးရွာတွင် ကျေးလက်ပြည်သူများကို ဗဟုသုတဖြန့်ဝေပေးလျက်ရှိသော အလင်းရောင် စာကြည့်တိုက်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ငါးနာရီခန့် ခုတ်မောင်းပြီးသောအခါ ပြင်စလူမြို့သို့ စာရေးသူတို့အဖွဲ့ ရောက်ရှိပါသည်။ ပြင်စလူကားအဝေးမြင်ကွင်းသာယာ လှပလှသည်။ ပင်လယ်ပြင်နောက်ခံရှုခင်းနှင့်ပန်းတင့်လှသည်။ တစ်ခေါက်ရောက်ဖူးလျှင် နောက်တစ်ခေါက်သွားချင်စိတ်ဖြစ်ပေါ်မိမှာ အမှန်ပင်။

ပြင်စလူမြို့၏ မြင်ကွင်းတို့ကို တချို့တစ်ဝက်သာ မှတ်မိပါတော့သည်။ လူနေအိမ် အဆောက်အအုံတို့မှာ လုံးဝပြောင်းလဲသွားပြီဖြစ်သည်။ စာရေးသူရောက်စဉ်ကမြင်ကွင်းမျိုးမဟုတ်တော့။ မြင်ကွင်းသစ်၊ အသွင်သစ်နှင့်အဆောက်အအုံသစ်တို့ကသာ စာရေးသူကို ဆီးကြိုနှုတ်ဆက်နေကြပါသည်။ စာရေးသူမှာ ပြင်စလူကိုရောက်တော့မှ လမ်းခရီး ပင်ပန်းသမျှ အပန်းဖြေရပါသည်။ ရွှင်လန်းတက်ကြွ အားမာန်များပင် ပြည့်ဝလာပါတော့သည်။

ပြည်သူ့ဆေးရုံ

ပြင်စလူမြို့နယ်သည် ရပ်ကွက်သုံးရပ်ကွက်၊ ကျေးရွာအုပ်စု ၁၆အုပ်စုတို့ဖြင့် ဖွဲ့စည်းထားသည်။ လမ်းထောင့်တိုင်းတွင် လမ်းညွှန်ဆိုင်းဘုတ်များ စိုက်ထူထားသည်။ ပြင်စလူနေအိမ်များကို မက်စ်မြန်မာကုမ္ပဏီက ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ပြင်စလူတွင်ဌာနဆိုင်ရာအဆောက်အအုံများကိုလည်း တွေ့မြင်ခဲ့ရသည်။ ကုမုဒြာလမ်းထောင့်ရှိ ပြင်စလူပြည်သူ့ဆေးရုံသို့ ရောက်ရှိသောအခါ ဆေးကုသမှုခံယူနေသော လူနာများကို တွေ့မြင်ခဲ့ရသည့်အပြင် ဆောက်လုပ်ပြီးစီးနေသော ပြင်စလူမြို့၌ အလင်းအိမ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကိုလည်း တွေ့ခဲ့ရသည်။

ပြင်စလူကား ပင်လယ်နှင့်ထိကပ်နေသဖြင့် ပင်လယ်အငွေ့အသက်များကို ခံစားရသည်။ ကျုံးမငေးမှ ပဲ့ထောင်ထွက်စဉ်က လိုက်ပါလာသော အအေးဓာတ်မှာ ပြင်စလူသို့ရောက်တော့မှ ဘယ်ဆီသို့ ရှောင်ပြေးပုန်းခိုသွားမှန်း မသိတော့။ ပြင်စလူသည် အပူအအေးမျှတသည်။ နေထိုင်၍ ကောင်းလှသည်။ ပြင်စလူလမ်းများမှာ ဖြောင့်တန်းညီညာ နေသည်။ နေအိမ်တိုင်းတွင် ဆယ်မျိုးဆယ်ပေါင် သီးနှံစုံစိုက်ခင်းများကို တွေ့မြင်ခဲ့ရပြီး အချို့စိုက်ခင်းများမှ ဘူးသီး၊ ခရမ်းသီး၊ မုန်လာ၊ နံနံနှင့် တိုင်ထောင်ပဲတို့မှာ မိသားစု လတ်ဆတ်စွာ အသုံးပြုရသည့်အပြင် ရောင်းချ၍ပင် အပိုဝင်ငွေရရှိ နေပြီဖြစ်သည်။

ပြင်စလူက ပင်လယ်ပြင်ရေလုပ်ငန်းလည်းရှိသည်။ ပြင်စလူသို့ ပဲ့ထောင်ဖြင့်လာစဉ်က ပြင်စလူရောက်လုနီး မြစ်ပြင်ကျယ်တစ်နေရာတွင် စက်တပ်ပိုက်လှေကိုယ်စီဖြင့် လုပ်ငန်းခွင်ဝင်နေကြသော ရေလုပ်သားအစုအဖွဲ့တို့ကို တွေ့မြင်ခဲ့ရသည်။ ပြင်စလူမြို့သည် မြို့အင်္ဂါရပ်နှင့်အညီ ဆက်လက်တည်ဆောက်လျက်ရှိနေသည်။ ပြင်စလူကား အရှိန်အဟုန်ဖြင့် လျင်မြန်စွာ ပြောင်းလဲတိုးတက်နေပြီ မဟုတ်ပါလား။

ပိုးလောင်းသို့

စာရေးသူတို့အဖွဲ့မှာ ပြင်စလူမှ ပိုးလောင်းသို့ မွန်းလွဲ၁နာရီတွင် ခရီးဆက်ခဲ့သည်။ လမ်းခရီးတွင် သစ်ပုတ်စံပြကျေးရွာသို့ ပဲ့ထောင်ရေယာဉ်ပေါ်မှ လှမ်းတွေ့လိုက်ရသည်။ နှစ်နာရီခန့် ခုတ်မောင်းပြီးသောအခါ ပိုးလောင်းစံပြကျေးရွာသို့ ရောက်ရှိသည်။ ပိုးလောင်းသည် ပင်လယ်ပြင်နှင့် နီးနီးကပ်ကပ် တည်ရှိနေသည်။ ကိုင်းသောင်ကျော်လျှင် ဘင်္ဂလားပင်လယ်အော်ဝသို့ ရောက်ပေပြီ။ ယခင်ရောက်စဉ်က ပိုးလောင်းမြင်ကွင်းနှင့် ယခု ပိုးလောင်းစံပြကျေးရွာမြင်ကွင်းတို့မှာ လုံးဝပြောင်းလဲသွားပြီဖြစ်သည်။ ဓနိမိုး၊ ထရံကာ နေအိမ်များလည်း မတွေ့ရတော့။ ယခင်လမ်းကျဉ်းကလေး များ နေရာတွင် ယခုလမ်းမကျယ်ကြီးများက အစားထိုးနေရာယူနေသည်။ သစ်ပင်၊ ပန်းမန်၊ ပန်းအလှပင်များ အရိပ်ရလေကာပင်များကိုလည်း တွေ့ရသည်။

သပ်ရပ်လှပ

ပိုးလောင်းစံပြကျေးရွာတစ်ရွာလုံးမှာ ယခုတော့ သစ်လွင်တောက်ပနေသည်။ စိမ်းစိုလန်းဆန်းနေသည်။ တစ်ရွာလုံး ရှင်းသန့်လျက် လှပသာယာနေသည်မှာ သက်ငြိမ်ပန်းချီကား တစ်ချပ်နှယ်။ ပိုးလောင်းစံပြကျေးရွာ၏ လူနေအိမ်များကို ဝါဝါဝင်းကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့သည်။ နေအိမ်ဆောက်လုပ်ထားမှုမှာ စနစ်ကျပြီး သပ်ရပ်လှပသည်။ လမ်းမကြီးများမှာ ဖြောင့်တန်းညီညာလှသည်။ နေအိမ်တိုင်းတွင် လှပသော ခြံစည်းရိုးများကို တညီတညာတည်း ကာရံထားသည်ကို တွေ့မြင်ခဲ့ရသည်။

ထို့ပြင် ပိုးလောင်းစံပြကျေးရွာ၏ လမ်းတိုင်းတွင် လမ်းညွှန်ဆိုင်းဘုတ်များရှိသည်။ နေအိမ်တိုင်းတွင်လည်း ဆယ်မျိုးဆယ်ပေါင် ဟင်းသီးဟင်းရွက်နှင့် ပန်းအလှပင်စိုက်ခင်းများကို တွေ့မြင်ကြရပြီး ဟင်းသီးဟင်းရွက်စိုက်ခင်းမှ မိသားစုအပိုဝင်ငွေ ရရှိနေပြီဖြစ်သည်။

ဤစံပြကျေးရွာများကို လှည့်လည်ကြည့်ရှုလေ့လာမိသောအခါ ယခင်နှင့် မတူ၊ ယခုတိုးတက်ပြောင်းလဲမှု မြင်ကွင်းအဖုံဖုံကား စာရေးသူ၏ရင်ကို အေးမြ လန်းဆန်းစေပါသည်။

အဘယ့်ကြောင့်မူ လူမှုစီးပွားဘဝတစ်ခုလုံး ပြောင်းလဲတိုးတက်သွားသောကြောင့် ဖြစ်သည်။ ယခင်က ဓနိမိုး၊ ထရံကာ နေအိမ်များဖြင့် နေထိုင်ခဲ့ရာမှ ယခုအခါ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ထောင်နေအိမ်များဖြင့် နိုင်ငံတော်၏ ကျေးဇူးဖြင့်နေထိုင်ကြရပြီဖြစ်၍ စံပြကျေးရွာတိုင်းတွင်ဒေသခံပြည်သူများမှာနိုင်ငံတော်ကို ကျေးဇူးတင်ရှိနေကြသည်။

တိုးတက်ပြောင်းလဲ

စာရေးသူသည်လေဘေးမကျရောက်မီ အခြေအနေနှင့် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ယခုပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အချိန်တိုကာလအတွင်း စွမ်းစွမ်းတမံဆောင်ရွက်မှုမြင်ကွင်းများကို နှိုင်းယှဉ်လေ့လာကြည့်ရှုသောအခါ မိမိမျက်စိကိုပင် မိမိမယုံချင်တော့။ ယခင်ကထက် အဆပေါင်းများစွာ တိုးတက်ပြောင်းလဲသွားပြီ ဖြစ်ပေသည်။

နေထိုင်ကြရ

အမှန်ပင် တိုးတက်ပြောင်းလဲသွားခဲ့ပါပြီ။ ယခင်က ပြန့်ကျဲနေသော လူနေအိမ်များကို အစုအဖွဲ့ဖြင့် တစုတဝေးတည်း ပြန်လည်ပေါင်းစည်းနေထိုင်ကြခြင်း၊ ကျေးရွာလမ်းသစ်များ တည်ဆောက်ပေးခြင်း၊ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ထောင်၊ လူနေအိမ်များ ဆောက်လုပ်ပေးခြင်း၊ သောက်သုံးရေသန့် စီစဉ်ပေးခြင်း၊ လူနေရပ်ကွက် ထူထောင်ပေးခြင်း၊ နေအိမ်တိုင်းတွင် ယင်လုံအိမ်သာ တည်ဆောက်ပေးခြင်း၊ အသက်ကယ်ကုန်းမြင့်များ တည်ဆောက်ပေးခြင်း၊ မုန်တိုင်းခံ အဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ ယခင်က မရှိခဲ့ဖူးသော ထမင်းဆိုင်များ၊ စားသောက်ဆိုင်များ၊ ကုန်မျိုးစုံဆိုင်များ ရှိလာခြင်းတို့အပြင် ဆယ်မျိုးဆယ်ပေါင် သီးနှံစုံ စိုက်ခင်းများပါ စိုက်ပျိုးပြီး မိသားစုအပိုဝင်ငွေ ရရှိအောင် လေ့ကျင့်ပျိုးထောင်ပေးခြင်း စသော စံပြကျေးရွာများ၏ အင်္ဂါရပ်များနှင့်အညီ ကောင်းမြတ်သော အလေ့အကျင့်ကောင်းများ၊ အနေအထိုင်ကောင်းများဖြင့် လူနေမှုအဆင့်မြင့်စွာ နေထိုင်ကြရပေပြီ။

တွေ့မြင်ခံစားခဲ့ရ

စာရေးသူမှာ ဇန်နဝါရီ ၁၀ရက် နံနက် ၈နာရီတွင် ပိုးလောင်းစံပြကျေးရွာကို လက်ပြနှုတ်ဆက်ရင်း ပြန်လည်ထွက်ခွာခဲ့သည်။ တည်ဆောက်လျက်ရှိသော စံပြကျေးရွာများ၏ မြင်ကွင်းအဖုံဖုံ၊ သတင်းစုံကို ယခင်နှင့်ယခု တိုးတက်ဖြစ်ထွန်းမှုများကို တွေ့မြင်ခံစားခဲ့ရသည့်အတိုင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၂၃

မိုးမိတ်အသင်း ပညာရည်ချွန်ဆုပေးပွဲ

မိုးမိတ်အသင်း၏ တတိယအကြိမ် အသင်းသားစုံညီ အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဗဟန်းမြို့နယ် ဆရာစံတောင်ရပ်ကွက် မင်းလမ်း အမှတ်၉၀ သာသနရာမိကကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ငါးလုပ်ငန်းအဖွဲ့ချုပ် ဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်နိုင်

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဒသမအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ၇ရက်တွင် ကျင်းပမည်ဖြစ်ပြီး အထိမ်းအမှတ်အဖြစ် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံ ဓာတ်ပုံအသင်းနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ဖုန်း-၃၇၃၁၆၇တွင် စုံစမ်းနိုင်သည်။

လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း)လျှောက်လွှာခေါ်ယူ

မြန်မာနိုင်ငံ စာရင်းကောင်စီက ကြီးမှူးဖွင့်လှစ်သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း)သင်တန်းအမှတ်စဉ် (၃၄)ကို စာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း အလုံမြို့နယ် သခင်မြပန်းခြံလမ်း အမှတ် ၁/၁၉ ၌ လာမည့် မေ၁၈ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ သတ်မှတ်လျှောက်လွှာပုံစံဖြင့် ဖေဖော်ဝါရီ ၆ ရက်အထိ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း လျှောက်ထားနိုင်သည်။

ငါးသိုင်းချောင်းအသင်း(ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေး

ငါးသိုင်းချောင်းအသင်း(ရန်ကုန်)၏ ဒုတိယအကြိမ် သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်း အမှတ် ၁၃၆ (ပထမထပ်-လယ်)၌ ကျင်းပမည်ဖြစ်သည်။

ပြည်ထောင်စုအထက်တန်းကျောင်း အာစရိယပူဇော်ပွဲ

ယခင် ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် အမှတ်၂၄-ဒီ ၁၀၆လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၆၆၀၇၃၁၊ ၅၇၂၀၁၅၊ ၆၈၄၇၆၁ တို့သို့ ဆက်သွယ်နိုင်သည်။

ငါးမွေးမြူရေး ပြည်ပပညာရှင် လာရောက်ဟောပြောမည်

မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သို့ ပြည်ပမှပညာရှင်တစ်ဦး လာရောက်၍ ဟောပြောဆွေးနွေးမည်ဖြစ်ရာ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ရက်တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာ့ပျားရည် အိန္ဒိယမှ ဝယ်ယူရန်ရှိ

ဇန်နဝါရီ ၁၅ရက်က ကုန်သည်/စက်မှု အသင်းချုပ်ရုံးတွင် ကျင်းပသော အိန္ဒိယ-မြန်မာ ကုန်သည်များ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံမှ ထွက်ရှိသော ပျားရည်များကို အိန္ဒိယကုန်သည်များက ဝယ်ယူလိုကြောင်းသိရသည်။ ယခုအချိန်တွင် ရိုးရိုးပျားရည်နှင့် ဆီးပျားရည်ကို တရုတ်နှင့် ထိုင်းနိုင်ငံတို့က ဝယ်ယူလျက်ရှိသည်။

မြေခင်းအလှ ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းဖွင့်မည်

မြန်မာနိုင်ငံ၌ ငှက်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော မြန်မာငှက်ဝါသနာရှင်အသင်းနှင့် ဂျပန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ NGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် LEO တို့ ပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မြေခင်းအလှ ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းကို မြန်မာနိုင်ငံ၌ မကြာမီ ဖွင့်လှစ်မည်ဟု သိရသည်။ *(မြန်မာ့အလင်း)*

စုစည်းရေးသားသူ-ဝင်းကျော်

ကာမိုင်းစည်ပင်ဈေး စစ်ဆေး

ကာမိုင်း ဇန်နဝါရီ ၂၃

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးဝင်းနှင့်အဖွဲ့ ကာမိုင်းမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးအား ဒီဇင်ဘာ၂၀ရက်ကကြည့်ရှုစစ်ဆေးရာ မြို့တာဝန်ခံ ဦးမိုးလွင်(ဦးစီးအရာရှိ)နှင့် ဈေးတာဝန်ခံဈေးခေါင်း(၄) ဦးဇော်ဝင်းအောင်တို့က ရှင်းလင်းပြသခဲ့သည်။ **(မြို့နယ်စည်ပင်)**

ရွှေဘုန်းပွင့်စေတီတော် ပြန်လည်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ညှိနှိုင်းစည်းဝေး

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ဆွေးနွေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့မွန်းလွဲ ၁ နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော် ဓမ္မာရုံသစ်ကြီး၌ကျင်းပသည့် ရွှေဘုန်းပွင့်စေတီတော် ပြန်လည်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများ၊ ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်၊ ပညာရှင်များဖြစ်ကြသည့် ဦးအောင်မြတ်၊ ဦးစံကြည်၊ ဦးမိုး၊ ဦးမောင်ကြီးအဖွဲ့နှင့် တာဝန်ရှိသူများ ကစေတီတော်၏စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ကြွခိုင်မှု စစ်ဆေးခြင်းနှင့် ပြုပြင်မွမ်းမံရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ရင်ပြင်တော်၌ ကျောက်ပြားများ ပြုပြင်ခင်းကျင်းရန် မုခ်ဦး၊ မဟာရံတံတိုင်းနှင့် ဂြိုဟ်တိုင်များ ဆေးသုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဈေးဆိုင်ခန်းများ အသစ်ဆောက်လုပ်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ရွှေဘုန်းပွင့်စေတီတော်ရင်ပြင်တွင် ခင်းကျင်းမည့်စကျင်ကျောက်ပြားများကိုကြည့်ရှုစစ်ဆေးပြီး စေတီတော်ပရိဝုဏ်အာရုံခံတန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည်ကြည်ညိုကာ ရွှေသင်္ကန်းတော်ဆက်ကပ်ရေးနှင့် စပ်လျဉ်းသည်များကို မှာကြားသည်။

ရွှေဘုန်းပွင့်စေတီတော်ကို ပိုမိုသပ္ပာယ်စွာ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ပြန်လည်မွမ်းမံ ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စေတီတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့၏ ကြွခိုင်မှုအခြေအနေကိုစစ်ဆေး၍ လိုအပ်သည်များကို ပြန်လည်ပြုပြင်ခြင်းနှင့် ထီးတော်ကြီးအား မျက်ပါးရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း၊ ငှက်ပျောဖူးတော်ရှိ

ရွှေစင်ရွှေပြားများကို ရောင်တော်ဖွင့်ခြင်းလုပ်ငန်း၊ စေတီတော် ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓဆင်းတုတော်များနှင့် စေတီရံအချို့အား မျက်ပါးရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း၊ စေတီတော်ရှိ သာသနိက အဆောက်အအုံများ၊ မုခ်ဦးများနှင့် မဟာရံတံတိုင်းတို့ကို ဆေးသုတ်မွမ်းမံခြင်းလုပ်ငန်း၊ စေတီတော် တံတိုင်းပြင်ပရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့်သန့်ရှင်းသပ်ရပ်ရေးအတွက်မြောင်းဖုံးကျောက်ပြားများ ပြန်လည်စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်း၊စေတီတော်ရင်ပြင်တော်ရှိ ကျောက်ပြားများကို နေပူခံစကျင်ကျောက်ပြားများနှင့် လဲလှယ်ခြင်းလုပ်ငန်း၊ စေတီတော်ကြီး၏ တင့်တယ်သပ္ပာယ်မှုနှင့်လိုက်လျောညီထွေဖြစ်စေရန် ဈေးဆိုင်တန်းရှိ ဆိုင်ခန်း ၃၀ကို ပြန်လည်ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါလုပ်ငန်းများအတွက် ပါဝင်လှူဒါန်းလိုသူများသည် ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၂၉၀၄၂၅ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆွေးနွေးမှာကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရွှေဘုန်းပွင့်စေတီတော် ပြန်လည်မွမ်းမံ ပြင်ဆင်ခြင်းလုပ်ငန်း ညှိနှိုင်း အစည်းအဝေးတွင် ဆွေးနွေး မှာကြားစဉ်။

(သတင်းစဉ်)

မရကန်-မြင်းကံကျေး ကျေးလက်မြေသားလမ်းဖောက်လုပ်

ဒီပဲယင်း ဇန်နဝါရီ ၂၃

ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မရကန်-မြင်းကံကျေး ကျေးလက် မြေသားလမ်းဖောက်လုပ်မှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ဇန်နဝါရီ၁ရက်က ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့ရုပ်မြင်သံကြား

၂၄-၁-၂၀၀၉ ရက် (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ တိရစ္ဆာန်ဥယျာဉ်နေပြည်တော် သွားလိုက်ကြစို့ တူပျော်ပျော် (အပိုင်း-၁)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၁၀ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ **ကြိုတင်ပြင်ဆင် ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင် မွေးမိခင်** (ထွန်းထွန်းဝင်း၊ ဖိုးသောကြာ၊ မေသန်းနု၊ ပပဝင်းခင်၊ ဝင့်နန္ဒာဖြိုး) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ ပိုးအိစံ၏ တေးသီချင်းများ
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ Yan Can Cook
- ၁၁:၄၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၀၅ ၅။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၃၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူ ကျေးတောသူ** (အပိုင်း-၁၆)
- ၁၃:၁၅ ၇။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ Telematch
- ၁၃:၅၅ ၈။ အတီးပြိုင်ပွဲ
- ၁၄:၀၅ ၉။ **မမြင်ကွယ်ရာ** မောင်မောင်မြင့်၊ မောင်မောင်မျိုးသန့်၊ မတူး (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၁၄:၁၅ ၁၀။ တေးဂီတအစီအစဉ်
- ၁၄:၃၀ ၁၁။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၄:၄၅ ၁၂။ International News

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၅ ၃။ မျိုးမျိုးကြွကြွ ယဉ်ကျေးမှုအက
- ၄:၄၀ ၄။ တေးဂီတအစီအစဉ်
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
- ၅:၁၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၂၀ ၇။ **ကျော်သွားမှာလား ဖော်စားမှာလား** ခန့်စည်သူ၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ ဟေမာန်အောင်အောင်၊ မယ်လိုဒီ (ဒါရိုက်တာ-မလိခ စိုးထိုက်အောင်)
- ၅:၃၀ ၈။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၅:၄၅ ၉။ တေးဂီတအစီအစဉ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ အလှရှာမယ်၊ လှကမ္ဘာဝယ်
- ၆:၅၅ ၁၃။ ပဉ္စလက်ကျောင်းတော်
- ၇:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သော မေတ္တာ** (အပိုင်း-၁၃)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြမ္မာမုန်တိုင်း** (အပိုင်း-၅)
- ၁၉။ အစီအစဉ်ပြီး၏။

ကျော်ဖုံးမှ

တာဘိုင်စက်များ

ယခုအခါ ပင်လယ်ရေမျက်နှာပြင်ပေါ်မှ တိုက်ခတ်လာသောလေကို ယခင်ကထက် ပေ ၃၀၀ခန့်ရှည်သော လေဒလက်များဖြင့် ရယူကာ စွမ်းအားမြင့်သည့် တာဘိုင်စက်များဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်ခြင်းပင်ဖြစ်သည်။

ပင်လယ်ရေမျက်နှာပြင်အထက်မှ တိုက်ခတ်လာသော လေအားမှာ ကုန်းမြေပေါ်ရှိ တိုက်ခတ်သော လေတိုက်အားထက် ပိုမိုကောင်းမွန်သည့်အပြင် တာဘိုင်စက်များမှ လျှပ်စစ်စွမ်းအားထွက်ရှိမှုလည်း ပိုမိုရရှိစေကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ပင်လယ်ရေမျက်နှာပြင်တွင် ပေ ၃၀၀ အရှည်ရှိသော ဒလက်တစ်ခုပါရှိသော တာဝါတိုင်တစ်တိုင်၏ ရေပေါ်အမြင့်သည် ယင်းထက်နှစ်ဆမြင့်ရမည်ဖြစ်ပြီး လေအားမှစွမ်းအင်ထုတ်ယူရေးအတွက် အဓိကအထောက်အကူပြုပေးနိုင်မည် ဖြစ်သည်။

ပေါင်းစပ်ထုတ်ယူ

ပုံမှန်အားဖြင့် လေစွမ်းအားမှရယူသော တာဘိုင်စက်အလုံး ၆၀၀ ကျော်သည် နေအိမ်ပေါင်း ၁၄၀၀၀၀ကျော်ကို လျှပ်စစ်ဓာတ်အား အလုံအလောက် ပေးနိုင်စွမ်းရှိရာ ယခုကဲ့သို့သော နည်းပညာဖြင့် ပေါင်းစပ်ထုတ်ယူပါက ယင်းလျှပ်စစ်ဓာတ်အား ပမာဏထက် နှစ်ဆကျော် ရယူသုံးစွဲနိုင်မည် ဖြစ်သည်။

ထိုသို့ အသုံးပြုနိုင်ပါက ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျော့ကျစေသည့်အပြင် ကမ္ဘာ့ရာသီဥတုပူနွေးလာမှုကို ကျဆင်းစေသည့် အကျိုးသက်ရောက်မှု ရရှိစေမည်ဖြစ်သည်။

သုတေသန

သို့သော် လေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်ယူမှုတွင် လေစွမ်းအင်ရယူနိုင်သည့် နေရာများမှာ မြို့ရွာများနှင့် ဝေးကွာသောအရပ်များဖြစ်နေရာ ဓာတ်အားလိုင်း သွယ်တန်းရမှုနှင့် တာဘိုင်စက်များ အရေအတွက်များပြားမှုကို လျော့နည်းစေမည့် သုတေသနပြုမှုများ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိနေသည်။ ။ **ကိုးကား-အင်တာနက်**

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါးနှင့်လွိုင်လင်၌ အအေးပို၊ ပင်လောင်းနှင့် နမ့်စန်၌ အေးမြဲအေးဆဲ

ရန်ကုန် ဇန်နဝါရီ ၂၃

ဇန်နဝါရီ ၂၂ရက်က ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုအခြေအနေကို ဖော်ပြရလျှင် အိန္ဒိယနိုင်ငံတစ်ဝန်းလုံး နေ့ညအပူချိန်ကျဆင်းခဲ့ရပြီး မွမ်ဘိုင်းမြို့တွင် နေ့အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်နှင့် နိုင်ငံ၏ အရှေ့မြောက်ပိုင်း ဒေသအချို့၌ မိုးအနည်းငယ်ရွာခဲ့သည်။ ထိုင်းနိုင်ငံတွင် ပျမ်းမျှအပူချိန် ၂၈ ဒီဂရီစင်တီဂရိတ်၊ ကမ္ဘောဒီးယားနိုင်ငံ၌ နေ့အပူချိန်၂၈ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။

ဇန်နဝါရီ၂၃ရက်က ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ၏ ရာသီဥတု အခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့သည်။ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့၌ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၂ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့၌ ၄ဒီဂရီစင်တီဂရိတ်တို့ ဖြစ်သည်။

ဇန်နဝါရီ၂၄ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ ၂၄ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်သည်။

တိမ်အသင့်အတင့်

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှလှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ထုတ်ပြန်ချက်

မွန်ပြည်နယ်ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ
တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၃

၂၀၀၈-၂၀၀၉ပညာသင်နှစ် မွန်ပြည်နယ်ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က မော်လမြိုင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းနှင့် မွန်ပြည်နယ် ပညာရေးမှူး ဦးထွန်းရီတို့က ၂၀၀၈-၂၀၀၉ပညာသင်နှစ် မွန်ပြည်နယ် ပညာရေး စုံညီပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်ပေး

ထို့နောက် မော်လမြိုင်မြို့နယ် အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက စုံညီပွဲတော် ဒို့နွဲပျော် သီချင်းဖြင့် မွန်ပြည်နယ် ပညာရေးစုံညီပွဲတော်ကို ဖွင့်လှစ်ပေး ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မွန်ပြည်နယ်ပညာရေးမှူးက ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မွန်ပြည်နယ်ပညာရေးစုံညီပွဲတော်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ဆုများပေးအပ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်းက တက္ကသိုလ် ဝင်တန်းစာမေးပွဲတွင် ပြည်နယ်ဂုဏ်ဆောင် ထူးချွန်ဆုရရှိသူ သုံးဦးတို့အား လည်းကောင်း၊ တိုင်းမှူး၏ဇနီး ဒေါ်မြင့်မြင့်စိုးက အဋ္ဌမတန်း ဘက်စုံ စာပေထူးချွန်ဆုရရှိသူ သုံးဦးတို့အားလည်း ကောင်း၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် တစ်ဘာသာ ချင်း ထူးချွန်ဆုရရှိသူ ကိုးဦးတို့အားလည်းကောင်း၊ ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်က အဋ္ဌမတန်းတွင် တစ်ဘာသာချင်း ထူးချွန်ဆုရရှိသူ ခြောက်ဦးတို့အားလည်းကောင်း၊ မော်လမြိုင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဌေးအောင် က မြန်မာနှင့် နိုင်ငံတကာ လူမှုဆက်ဆံထုံးဓလေ့ တတ်ကျွမ်းမှု ပြိုင်ပွဲတွင် ထူးချွန်သူတစ်ဦးအားလည်းကောင်း၊ တာဝန်ရှိသူများက ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ကျင်းပသော စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ သချ်ာ အိုလံပစ်၊ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတို့တွင် ထူးချွန်ဆုရရှိသူများအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့် ကြသည်။

ဖျော်ဖြေတင်ဆက်

ယင်းနောက် မော်လမြိုင်မြို့နယ် အမှတ်(၉) အခြေခံပညာ အထက်တန်း ကျောင်းမှ ကျောင်းသားကျောင်းသူများက ပညာရေးပန်းခင်း တေးသီချင်းဖြင့် ဖျော်ဖြေ တင်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၉-၂၀၁၀ စီမံကိန်းလျာထားချက် ညှိနှိုင်းစည်းဝေး
တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် အမှာစကားပြောကြား

တောင်ကြီး ဇန်နဝါရီ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း)၏ ၂၀၀၉-၂၀၁၀စီမံကိန်းလျာထားချက် ညှိနှိုင်းအစည်း အဝေးကို ဇန်နဝါရီ ၁၃ရက် နံနက် ၈နာရီက ရှမ်းပြည်နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(တောင်ပိုင်း)ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူးနှင့် အဖွဲ့ဝင်များ၊ တောင်ကြီး၊ လွိုင်လင်၊ လင်းခေးခရိုင်များမှ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် စီမံကိန်းတာဝန်ခံ အတွင်းရေးမှူးများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၂၁မြို့နယ်မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီးနောက် ခရိုင်ဥက္ကဋ္ဌများ၊ စိုက်ပျိုးရေး၊ မြေစာရင်း၊ သစ်တော၊ စက်မှုကြီးကြပ် စသည့်ဌာနများမှ စီမံကိန်း လျာထားချက်များ ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနေဝင်းက ၂၀၀၉-၂၀၁၀ စီမံကိန်းလျာထားချက်နှင့် တိုးတက် လုပ်ဆောင်ရမည့် အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။ ဆက်လက်ပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်း ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်မျိုးသက် တာဝန်ခံ ဆောင်ရွက်သော မအူ-ဝွေးဂုဏ်လမ်း ဂဝံခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်း ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အမျိုးသားကာကွယ်ဆေးတိုက်နေ့ ဖွင့်ပွဲအခမ်းအနား မြိတ်မြို့နယ်တွင်ကျင်းပ

မြိတ် ဇန်နဝါရီ ၂၃

တနင်္သာရီတိုင်း ကျန်းမာရေးဦးစီး ဌာန၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ် ရေးအဖွဲ့တို့ ကြီးမှူးကျင်းပသော ၂၀၀၉ ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ရက် နံနက်၈နာရီက မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းအမျိုးသမီး ရေးရာအဖွဲ့နာယက တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေး၊ တိုင်းအေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ် များ၊ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ငါးနှစ်အောက်ကလေးငယ်များ တက်ရောက် ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး ဦးသန်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးနှင့် တာဝန်ရှိသူ များက ငါးနှစ်အောက်ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးကြ သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းအမျိုးသမီးရေးရာ အဖွဲ့နာယက တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများသည် မြစ်ငယ်ရပ်ကွက် အတွင်းရှိ ငါးနှစ်အောက် ကလေးငယ်များ အား မြစ်ငယ်မူလွန်ကျောင်းတွင် လည်း ကောင်း၊ ကန်ဖျားရပ်ကွက်ရှိကလေးငယ်များ အား ကန်ဖျားရပ် မိုးလုံလေလုံ အားကစား ရုံတွင်လည်းကောင်း ပိုလီယိုကာကွယ်ဆေး များ တိုက်ကျွေးကြကြောင်း သိရသည်။

(ခရိုင် မြန်/ဆက်)

ဇန်နဝါရီ ၃ရက်က တာမွေမြို့နယ် မအူကုန်းရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းသော်နှင့် လူမှုရေးအဖွဲ့အစည်းများက ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် စုပေါင်းဆောင်ရွက်ကြစဉ်။ (၁၁၇)

ဝေါမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် မီးဘေးကြိုတင် ကာကွယ်တားဆီးရေးအတွက် ဇန်နဝါရီ ၄ရက်က မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့များနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ မီးငြိမ်းသတ်မှု ဇာတ်တိုက် လေ့ကျင့်ခြင်းကို အမှုဆောင်အရာရှိ ဦးစောရွှေ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ စခန်းတာဝန်ခံ ဦးလှမြင့်နှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့များ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ညောင်လေးပင်စည်ပင် မြို့ပြကတ္တရာလမ်းများ အဆင့်မြှင့်ဆောင်ရွက်

ညောင်လေးပင် ဇန်နဝါရီ ၂၃

ညောင်လေးပင်မြို့နယ် စည်ပင်သာယာ ရေးအဖွဲ့သည် မြို့ပြလမ်းများ ကောင်းမွန် စေရေးအတွက် အစဉ်တစိုက် ဆောင်ရွက် လျက်ရှိရာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် တွင် ပြွန်တန်ဆာမြို့ ဈေးပတ်လမ်းကို မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့် မြှင့်တင် ဆောင်ရွက်မှုကို ဇန်နဝါရီ ၁ရက် က အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမြင့် ဇော်ဝင်းက ကြီးကြပ်ဆောင်ရွက်ပေးသည်။ အဆိုပါလမ်းမှာ အရှည်ပေ ၆၈၀ ရှိပြီး အဖွဲ့ရန်ပုံငွေ ကျပ် ၈၄၄၀၀၀၀ ဖြင့် အကုန် အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်းသိရ သည်။ **(မြို့နယ်စည်ပင်)**

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

Air Bagan F.C နိုင်ပွဲပြန်ရ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် **စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး**

ရန်ကုန် ဇန်နဝါရီ ၂၃

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းတို့တွင် ဆက်လက်ကျင်းပရာ Air Bagan F.C အသင်းအနိုင်ရသွားပြီး ပြည်ထဲရေးနဲ့ပို့ဆောင်ရေးတို့ သရေပွဲဖြစ်သွားပါတယ်။

သုဝဏ္ဏကွင်း

Air Bagan F.C - တစ်ဂိုး
မြို့တော်စည်ပင် - ဂိုးမရှိ

သုံးပွဲဆက်တိုက် နိုင်ပွဲပျောက်ခဲ့တဲ့ Air Bagan F.C ကတော့ မြို့တော်စည်ပင်အသင်းကို တစ်လုံးတည်းသောဂိုးနဲ့ အနိုင်ရပြီး နိုင်ပွဲပြန်လည် ရရှိခဲ့ပါတယ်။ Air Bagan F.C အသင်းအနေနဲ့ ခံစစ်ပိုင်းအမှားအယွင်းမရှိဘဲ မြို့တော်စည်ပင်တိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့တာ၊ ရတဲ့အခွင့်အရေးကို အသုံးချနိုင်ခဲ့တာကြောင့် အနိုင်ရရှိခဲ့တယ်ဆိုရင် မမှားပါဘူး။ မြို့တော်စည်ပင်အသင်းဟာ ဆဋ္ဌမမြောက်ပွဲစဉ်မှာလည်း နိုင်ပွဲနဲ့ဝေးခဲ့ပြန်ပြီး ရမှတ်လေးမှတ်နဲ့ တန်းဆင်းဇုန်ထဲက ရုန်းမထွက်နိုင်သေးဘဲ ရှိနေပါတယ်။

အမှတ်လိုနေတဲ့ မြို့တော်စည်ပင်အသင်းဟာ အောင်ဇော်မျိုး၊ လှအေးထွေး၊ ကျော်ဌေးဦး၊ အောင်မြင့်အေးတို့နဲ့ လူစုံထုတ်ကာ ရင်ဆိုင်ခဲ့ပါတယ်။ Air Bagan F.C အသင်းကတော့ ဝါရင့်ကစားသမားတွေဖြစ်တဲ့ အေးနိုင်နဲ့ မောင်မောင်ကြီးတို့ကို အသင်းထိန်းဖို့ ပွဲစကတည်း ထည့်သွင်းကစားခဲ့ပြီး တိုက်စစ်ပိုင်းမှာတော့ လူအနည်းငယ် အပြောင်းအလဲလုပ်ပြီး ယှဉ်ပြိုင်သွားခဲ့ပါတယ်။ Air Bagan အသင်းဟာ အတက်အဆင်း မှန်မှန်နဲ့ မြို့တော်စည်ပင်ကို ရင်ဆိုင်ခဲ့ပါတယ်။

Air Bagan အသင်းရဲ့ လူကပ်ကစားတာ ကောင်းတာကြောင့် မြို့တော်စည်ပင် အခက်တွေ့ခဲ့ရသလို အလယ်တန်းကစားသမားတွေကလည်း ဂိုးရအောင် မဖန်တီးပေးနိုင်တာကြောင့် ဂိုးသွင်းခွင့် မရခဲ့ပါဘူး

ကာကွယ်နိုင်

Air Bagan အသင်းဟာ ဘောလုံးရတာနဲ့ ဇင်မင်းဦးရဲ့ ဘယ်တောင်ပံ၊ ဒေးဗစ်ထန်းရဲ့ညာ တောင်ပံတို့ကိုထုတ်ပြီး တောင်ပံတွေကနေ ဂိုးရဖို့ ကြိုးစားခဲ့ပါတယ်။ ၂၄မိနစ်မှာ အေးနိုင် အလယ်ကြောကနေ ပေးတာကို ရန်အောင်ဝင်းဆွဲပြေးပြီး ကန်သွင်းပေမယ့် ဂိုးသမားယဉ်မင်းအောင် ကာကွယ်နိုင်ခဲ့ပါတယ်။ မိနစ် ၄၀မှာတော့ Air Bagan အသင်းအနိုင်ဂိုးရသွားပြီး စည်ပင်ဂိုးသမား ယဉ်မင်းအောင် ဖမ်းပုံမသေသပ်လို့ လျှံကျလာတာကို ရန်အောင်ဝင်းက ပိတ်သွင်းယူခဲ့တာ ဖြစ်ပါတယ်။

ဒုတိယပိုင်းမှာတော့ မြို့တော်စည်ပင်အသင်းဟာ ချေပဂိုးရဖို့ တစ်သင်းလုံးနီးပါး တက်ပြီး ဖိကစားခဲ့ပါတယ်။ နှစ်သင်းစလုံး လူအပြောင်းအလဲတွေလုပ်ပြီး မြို့တော်စည်ပင်က တိုက်စစ်အားဖြည့်ခဲ့သလို Air Bagan ကတော့ ခံစစ်အားဖြည့်ခဲ့ပါတယ်။ ဒါပေမယ့် မြို့တော်စည်ပင်ရဲ့ ထိုးဖောက်မှုတွေကို Air Bagan အသင်း အမှားအယွင်းမရှိ ဖျက်ထုတ်နိုင်ခဲ့သလို အရင်ပွဲတွေက မှားလေ့ရှိတဲ့ ဂိုးသမားနိုင်ဇေယျာထွန်းကလည်း အမှားအယွင်းမရှိ လက်စွမ်းပြနိုင်ခဲ့လို့ Air Bagan အသင်း ဒုတိယမြောက် နိုင်ပွဲ ရရှိခဲ့တာဖြစ်ပါတယ်။

အောင်ဆန်းကွင်း

ပြည်ထဲရေး - တစ်ဂိုး
ပို့ဆောင်ရေး - တစ်ဂိုး

အမှတ်ပေးဇယားထိပ်နားက အသင်းတွေကို အမီလိုက်ဖို့ကြိုးစားနေတဲ့ ပို့ဆောင်ရေးအသင်းဟာ တန်းဆင်းဇုန်ထဲရောက်နေတဲ့ ပြည်ထဲရေးရဲ့ ရုန်းကန်မှုကြောင့် ပွဲပြီးခါနီးမှာ ချေပဂိုးပြန်ပေးလိုက်ရပြီး အမှတ်ခွဲပေးလိုက်ရပါတယ်။ မိနစ် ၂၀ ကတည်းက ကျော်ဇေယျာမင်းက ပို့ဆောင်ရေးအတွက် ဦးဆောင်ဂိုးသွင်းယူထားပြီး ပြည်ထဲရေးအတွက် အဖိုးတန်ချေပဂိုးကို ၈၆မိနစ်မှာ စည်သူဝင်းက သွင်းယူခဲ့ပါတယ်။

ယနေ့ပွဲ

အောင်ဆန်းကွင်း

ကမ္ဘောဇ - ဧည့်သည်/ကူးသန်း

သုဝဏ္ဏကွင်း

ဆက်သွယ်ရေး - ကာကွယ်ရေး
ဝန်ကြီးဌာန

(မြန်မာ့အလင်း)

မြို့တော်စည်ပင်တိုက်စစ်မှူး ဇင်မျိုးအောင်နှင့် Air Bagan နောက်ခံလူ အောင်သိုက်တို့ အလဲလဲအပြိုပြို။ (မြန်မာ့အလင်း)

ဆုချီးမြှင့်

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက Professional Golfers အဆင့် ပြိုင်ပွဲတွင် ပထမရရှိသောမင်းနိုင် (Srixon) အား ဆုချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

မုံရွာဖလားဖိတ်ခေါ်ဂေါက်သီးရိုက် ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် မုံရွာဂေါက်ကလပ်တို့ကကြီးမှူး၍ မုံရွာဖလားဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲ နှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ မုံရွာဂေါက်ကလပ်၌ ဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး တက်ရောက်ပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းက အမျိုးသားအပျော်တမ်းအဆင့် ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၃၀၃ချက်ဖြင့် တတိယရရှိသော တင်လင်းကို စုစုပေါင်းရိုက်ချက် ၂၉၇ ချက်ဖြင့် ဒုတိယရရှိသော နေဗလဝင်းမြင့်နှင့် စုစုပေါင်းရိုက်ချက် ၂၉၁ ချက်ဖြင့်ပထမရရှိသော အောင်ဝင်း (သစ်တော)တို့အားလည်းကောင်း၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက Professional Golfers အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၂ချက်ဖြင့် တတိယရရှိသော စိုးကျော်နိုင် (Srixon)၊ စုစုပေါင်းရိုက်ချက် ၂၈၉ ဖြင့် ဒုတိယရရှိသော နိုင်နိုင်လင်း (Point) နှင့် စုစုပေါင်းရိုက်ချက် ၂၈၁ချက်ဖြင့် ပထမရရှိသော မင်းနိုင် (Srixon) တို့အားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုလက်ဆောင်

စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ MPGA နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌကချီးမြှင့်သော အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်အမှုဆောင် ဦးကိုကိုလေးက ပေးအပ်ရာ မုံရွာဂေါက်ကလပ်ဥက္ကဋ္ဌဗိုလ်မှူးကြီးဆန်းအောင်က လက်ခံယူသည်။

ဆက်လက်၍ Cherry Yoma Co.,Ltd.မန်နေဂျင်းဒါရိုက်တာဦးကြည်ရှိန်က အမျိုးသားအပျော်တမ်းအဆင့်ပြိုင်ပွဲတွင် နေ့စဉ်အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိသူများအားလည်းကောင်း၊ မုံရွာဂေါက်ကလပ်ဥက္ကဋ္ဌဗိုလ်မှူးကြီးဆန်းအောင်က Professional Golfers အဆင့်ပြိုင်ပွဲတွင် နေ့စဉ်အကောင်းဆုံး ရိုက်ချက်ဆု (Daily Best) ရရှိကြသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပံ့ပိုးကူညီ

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီးအကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် Future Engineering Group၊ Moe & More Co., Ltd. နှင့် Cherry Yoma Co., Ltd.တို့က အဓိကကူညီပံ့ပိုးကြပြီး Co-Sponsor အဖြစ် International Beverages Trading Co., Ltd. က ထပ်မံ၍ ပံ့ပိုးကူညီကာ ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင် ငန်းတေးဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၂၃

ဦးစိုးထင် (အထွေထွေမန်နေဂျာ၊ နှစ်ရှည်သီးပင်၊ ငြိမ်း)သည် မော်လမြိုင်မြို့ ငန်းတေးဂေါက်ကွင်း၌ ဇန်နဝါရီ၂၁ရက်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်၁၇၌ ကိုက်၁၆၀အကွာမှ Dunlop Distance-3 ဘောလုံးကို Iron-5 PRGR တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဒေါက်တာဦးငြိမ်းဆွေ၊ ဒေါက်တာဦးစောဝါးထူးနှင့် ဦးကျော်မင်းအောင်တို့ အတူကစားလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

စိတ်ပညာမိသားစု ဆရာကန်တော့ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမိသားစုကဦးစီး၍ အသက်(၆၅)နှစ်အထက် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် စိတ်ပညာမိသားစု တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၈ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီက လမ်းမတော်မြို့နယ် ဝါးတန်းလမ်း ပန်ဒါ(Panda Hotel)မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ တက္ကသိုလ်အသီးသီးတွင် စိတ်ပညာအဓိက ဘာသာရပ်၊ အသုံးချစိတ်ပညာဘာသာရပ်၊ (Social Work) ဘာသာရပ် သင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ကျင်းပရေးအဖွဲ့ဝင်များဖြစ်ကြသော ဦးသစ်လွင် ဖုန်း-၅၃၆၆၀၇၊ ဦးကျော်ခိုင် ဖုန်း-၂၄၆၁၄၂၊ ဦးစောဝေ ဖုန်း-၅၁၂၇၃၄၊ ဦးတင်ကိုကို ဖုန်း-၂၄၃၁၅၁၊ ဦးဝင်းမြင့် ဖုန်း-၀၉-၅၀-၀၄၉၄၆၊ ဦးအောင်သန်းဦး တွဲဖက်ပါမောက္ခ (စိတ်ပညာဌာန)ဖုန်း-၅၃၇၃၇၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဆေးတက္ကသိုလ်(၂) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

၁၉၇၆-၁၉၈၂၊ ၁၉၇၉-၁၉၈၄၊ ၁၉၈၀-၁၉၈၅ ဆေးတက္ကသိုလ်(၂) ကျောင်းသူ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို လာမည့်ဖေဖော်ဝါရီ ၁ရက်(တနင်္ဂနွေနေ့) ညနေ၃နာရီတွင် အမှတ်၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူ ကျောင်းသားဟောင်းများအနေဖြင့် သီးခြားဖိတ်စာ မပေးပို့နိုင်ပါသော်လည်း အသိအမှတ်ပြုပြီး တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိလိုပါက တွဲဖက်ပါမောက္ခ မျိုးလွင်ငြိမ်း ဖုန်း-၀၉-၅၀-၁၃၈၀၃၊ ဒေါက်တာမာမာကြည် ဖုန်း-၀၉-၅၁-၇၃၅၄၈၊ ဒေါက်တာမြင့်လွင် ဖုန်း-၀၉-၅၁-၄၀၁၉၁၊ ဒေါက်တာသက်သက်မာ ဖုန်း-၀၉-၅၁-၀၇၇၂၂၊ ဒေါက်တာအောင်မော် ဖုန်း-၀၉-၅၀-၃၉၈၉၂နှင့် ဒေါက်တာခိုင်စိုးဝင်း ဖုန်း-၀၉-၅၁-၃၇၆၉၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွားဘက်ဆိုင်ရာဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံကို လာမည့် ဖေဖော်ရီ ၄ရက်မှ ၇ရက်အထိ Traders Hotel ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါညီလာခံနှင့်အတူ (၁၀)ကြိမ်မြောက် FDI-MDA ပူးတွဲပညာရေးအစည်းအဝေးကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ပြည်တွင်းမှ သွားနှင့်ခံတွင်း ဆရာဝန်များမှ သုတေသနစာတမ်း ခုနစ်စောင်ကိုလည်းကောင်း၊ နိုင်ငံပေါင်းခြောက်နိုင်ငံမှ သွားနှင့်ခံတွင်းပညာရှင်ကိုးဦးက သုတေသနစာတမ်းများဖတ်ကြားခြင်းနှင့် ပညာရပ်ဆိုင်ရာဟောပြောပို့ချမှုများကို ပြုလုပ်ကြမည်ဖြစ်သည်။

ဖွင့်လှစ်ရောင်းချ

သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပစ္စည်းအရောင်းပြခန်းများကိုလည်း သက်ဆိုင်ရာ ကုမ္ပဏီများမှ ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်သည်။ အားကစားပြိုင်ပွဲများ၊ သက်ကြီးပူဇော်ပွဲများ၊ ဓာတ်ပုံပြခန်းများနှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း၏ ပြင်ဆင်ရေးဆွဲထားသော စည်းမျဉ်းဥပဒေ ၂၀၀၉ကိုလည်း ညီလာခံတွင် အတည်ပြုကြမည်ဟု သိရသည်။

ညီလာခံတက်ရောက်ရန်အတွက် ကိုယ်စားလှယ်တစ်ဦးလျှင် ကျပ်သုံးသောင်းခွဲ ကောက်ခံမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂ရက်မှ ၃ရက်အထိ Traders Hotel တွင် နံနက် ၉နာရီမှ ညနေ ၃နာရီအတွင်း ညီလာခံကြေးပေးသွင်း၍ မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁-၂၀၀၉ ရက် (စနေနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **အနာထပိဏ္ဍိကောဒါဒသုတ္တန်တရားတော်** ဘဒ္ဒန္တကုဏ္ဍာ ဝုဓာဘိဝံသ (ထူးကြီးဆရာတော်)
၇:၅၅-၁:၅၅ စေတီတို့ရဲ့နောင်တော် တွံတေးရွှေဆံတော်
၈:၀၅-၂:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၃၀-၂:၃၀ Activities in the city (မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည် ညီလာခံစာတမ်းဖတ်ပွဲနှင့် ထုတ်ကုန်ပစ္စည်းပြပွဲ)
၈:၅၅-၂:၅၅ တစ်ပတ်အတွင်း အားကစားသတင်း
၉:၁၀-၃:၁၀ ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀ ဖန်သားရုပ်မြင်စာဆိုသဘင် (စာရေးဆရာမြင်းမူ မောင်နိုင်မိုး)
၉:၅၀-၃:၅၀ တေးဂီတအစီအစဉ်
၉:၅၅-၃:၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀-၄:၀၀ ကျန်းမာပျော်ရွှင်လှစေချင် (အပိုင်း-၄)
၁၀:၂၅-၄:၂၅ တေးဂီတအစီအစဉ်
၁၀:၃၀-၄:၃၀ မိုးလေဝသခန့်မှန်းချက်
၁၀:၃၅-၄:၃၅ သပ်ရပ်လှပအကွက်ဆင် ပန်းတနော်သင်
၁၀:၄၅-၄:၄၅ ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅-၄:၅၅ သွားမယ် စားမယ် (The Ritz Cafe)
၁၁:၀၅-၅:၀၅ တေးဂီတအစီအစဉ်
၁၁:၁၀-၅:၁၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၅-၅:၁၅ သန့်ရှင်းလတ်ဆတ်သော ဆီသန့်မှသည်ကျန်းမာရေးဆီသို့
၁၁:၄၅-၅:၄၅ Yango Panorama (အထက(၂) ဒဂုံ(မြို့မ) အကြိမ်(၂၀)မြောက်အာစရိယပူဇော်ပွဲ)
၁၂:၀၅-၆:၀၅ ရေ… သို့မဟုတ် သန့်စင်၊ ကြည်လင်၊ အေးမြခြင်း
၁၂:၃၀-၆:၃၀ တေးဂီတအစီအစဉ်
၁၂:၃၅-၆:၃၅ MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ ဒေါက်တာမောင်မောင်စိုးနှင့်တွေ့ဆုံခြင်း)
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၃၀	Hartlepool - West Ham	ESPN (Live)
၉:၂၅	Doncaster - Aston Villa	ESPN (Live)
	Kettering - Fulham	Star Sport (Live)
၁၁:၃၀	Man Utd - Tottenham	ESPN (Live)

Series A ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Juventus - Fiorentina	5-Cartoon (Live)

မီး အစဉ်သတိပြု

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ဌာပနာတော်ပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန်
အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ (၉-၂-၂၀၀၉ ရက်)တွင် ကျင်းပသွားရန် စီစဉ်ထားရှိပါသည်။

သို့ပါ၍ စေတီတော်မြတ်ကြီး၌ ဌာပနာတော်ထည့်သွင်းပူဇော်လှူဒါန်းလိုသူ စေတနာရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် လှူဒါန်းပစ္စည်းများအား အောက်ပါ ပုဂ္ဂိုလ်/ဌာနများသို့ အချိန်မီ ဆက်သွယ်ပေးပို့လှူဒါန်းပူဇော်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

(က) ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၀၂၃၊ ၀၆၇-၄၀၉၃၆၃

(ခ) ဗိုလ်ချုပ်သန်းဌေး၊ ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး လုပ်ငန်းကော်မတီ)
ဖုန်း-၀၃၆-၃၁၀၃၀၊ ၀၃၆-၃၁၀၅၀

(ဂ) ဗိုလ်မှူးကြီးတင်ဌွေ၊ ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန (အဖွဲ့ဝင်၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၃၆၈

(ဃ) ဗိုလ်မှူးကြီးကံချွန်
(အတွင်းရေးမှူး၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ)
ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၀၆၇-၄၁၄၂၀၂

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား
လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ ငွေ
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ ငွေ
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ် ၁ ချပ်	ကျပ် ၂၂၀၀၀ ငွေ
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ် ၁ ချပ်	ကျပ် ၁၃၀၀၀ ငွေ
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ် ၁ ချပ်	ကျပ် ၁၃၀၀၀ ငွေ

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄ ၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဖားကန့်မြို့ သာယာလှပရေး ဆောင်ရွက်

ဖားကန့် ဇန်နဝါရီ ၂၃

ဖားကန့်မြို့ သာယာလှပရေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၅ရက်က ဒုတိယဦးစီးမှူး ဦးမျိုးသန့်စင် ဦးဆောင်သော ဝန်ထမ်းများမှ မော်ဝမ်းရပ်ကွက် ပန်းတင်တံတားအနီးတွင် ပန်းအလှပင်များ ရွှေ့ပြောင်းစိုက်ပျိုးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ အမှုဆောင်အရာရှိက ကြီးကြပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တိုနီဂျက်ဖရီ၏ ကြေးစားလက်ဝှေ့ပြိုင်ပွဲ ရွှေ့ဆိုင်း

လန်ဒန် ဇန်နဝါရီ ၂၃

ပေကျင်းအိုလံပစ်လက်ဝှေ့ ကြေးတံဆိပ်ဆုရှင် တိုနီဂျက်ဖရီသည် ၎င်း၏ပွဲဦးထွက် ယှဉ်ပြိုင်ထိုးသတ်မည့် ကြေးစားလက်ဝှေ့ ပြိုင်ပွဲကို ရွှေ့ဆိုင်းလိုက်ရသည့်အတွက် မချင့်မရဲဖြစ်လျက်ရှိသည်ဟုဆိုသည်။

လေ့ကျင့်

အသက် ၂၃နှစ်ရှိ ဆန်းဒါးလန်း လိုက်ဟဲဗီးဝိတ် လက်ဝှေ့သမား ဂျက်ဖရီသည် မတ်လတွင် လိုက်အားကစားကွင်း၌ ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားသည့် ၎င်း၏ပွဲဦးထွက် ကြေးစားလက်ဝှေ့ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်နေခဲ့သူဖြစ်သည်။

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ကျင်းပစဉ်အတွင်း ဆန်းဒါးလန်းအားကစားကွင်း၌ ယှဉ်ပြိုင်ထိုးသတ်ရန် သဘောတူစာချုပ် ချုပ်ဆိုပြီးနောက် နှစ်လအကြာတွင် ပွဲရွှေ့ဆိုင်းလိုက်သည့်အတွက် ဂျက်ဖရီက ၎င်းအနေဖြင့် မချင့်မရဲခံစားရပြီး ငွေကြေးလည်း လိုအပ်နေကြောင်း၊ ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပြိုင်ပွဲများမှ ဆုကြေးငွေများလည်း ရရှိခဲ့ခြင်းမရှိသေးကြောင်း၊ မိမိ၏ ပွဲဦးထွက် ကြေးစားပြိုင်ပွဲအတွက် မျှော်လင့်စောင့်စားနေခဲ့ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

အာဆင်နယ်အသင်းတွင် ပွဲချိန်ပြည့်ပါဝင်ကစားရေး အဆင်သင့်ဖြစ်နေပြီဟု တိုက်စစ်မှူးအီဒွါဒို ပြောကြား

လန်ဒန် ဇန်နဝါရီ ၂၃

အာဆင်နယ်တိုက်စစ်မှူး အီဒွါဒိုသည် ဇန်နဝါရီ ၂၁ရက်က အာဆင်နယ်နှင့် စတုတ်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်၌ မိနစ် ၉၀ တွင် လူစားလဲကာထိုက်တန်စွာ ခြေစွမ်းပြကစားပြီးနောက် ၎င်းအနေဖြင့် အာဆင်နယ်၏ ပထမပွဲထွက်လူစာရင်း၌ ပွဲချိန်ပြည့် ပြန်လည်ပါဝင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက်၂၅ နှစ်ရှိ အီဒွါဒိုအနေဖြင့် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလက ၎င်း၏ ဘောလုံးသမားဘဝ သက်တမ်းတစ်လျှောက်လုံးကို ခြိမ်းခြောက်နိုင်လောက်သည့် ဒဏ်ရာရရှိကတည်းက ယခုပွဲစဉ်သည် ၎င်းအတွက် ပထမဦးဆုံးပွဲချိန်ပြည့် ပြန်လည်ပါဝင်ကစားနိုင်ခဲ့သည့်ပွဲဖြစ်သည်။

အဆင်သင့်

မိမိ၏ ဦးခေါင်းနှင့်တကွ ခန္ဓာကိုယ်တစ်ခုလုံးသည် ကြံ့ခိုင်မှုပြည့်ဝကာ အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ မိမိအနေဖြင့် ပိုမိုကြံ့ခိုင်လာပြီဟု ခံစားရပြီး ပျော်ရွှင်မိကြောင်း၊ မိမိအနေဖြင့် အသင့်ဖြစ်နေပြီဟု ယူဆရသော်လည်း နည်းပြ၏ ဆန္ဒအပေါ်တွင်မူတည်ကြောင်း အီဒွါဒိုက ပြောကြားခဲ့သည်။ **(အင်တာနက်)**

ချယ်လ်ဆီး၌နေရာရရေး တိုက်စစ်မှူး ဒရော့ဂ်ဘာ အစွမ်းကုန်ကြိုးစားမည်

လန်ဒန် ဇန်နဝါရီ ၂၃

စတန်းဖို့ဒ်ဘရစ်ချ်တွင် ၎င်း၏အနာဂတ်နှင့်ပတ်သက်ပြီး အများက မည်သို့ပင် ထင်ကြေးပေး ပြောဆိုနေကြစေကာမူ ၎င်းအနေဖြင့်ချယ်လ်ဆီးတွင် နေရာရရေးအတွက် အစွမ်းကုန်ကြိုးစားသွားမည် ဖြစ်ကြောင်း အိုင်ဗရီကို့စ်နှင့် ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဂ်ဘာက အခိုင်အမာပြောကြားခဲ့သည်။

ချန်လှပ်ထား

အသက်၃၀ရှိ ဒရော့ဂ်ဘာအား ချယ်လ်ဆီးအသင်း၏ နောက်ဆုံးကစားခဲ့သော ပွဲစဉ်နှစ်ပွဲတွင် ချန်လှပ်ထားခဲ့ပြီး မန်စီးတီးအသင်းမှ ရော်ဘင်ဟိုအား ချယ်လ်ဆီးအသင်းက ခေါ်ယူစာချုပ်ဖွယ်ရှိသည်ဟု သတင်းများပေါ်ထွက်နေခဲ့သည်ဟု ဆိုသည်။ ဒရော့ဂ်ဘာသည် ဇန်နဝါရီ ၂၄ရက် **(ယနေ့)**တွင် အက်ဖ်အေဖလား ရှုံးထွက်ပွဲစဉ်အဖြစ် အစ်ဆွစ်အသင်းနှင့် ကစားရမည့်ပွဲစဉ်တွင် ပါဝင်ကစားရဖွယ်ရှိသည်။ **(အင်တာနက်)**

လီဗာပူးအသင်း လက်ပြောင်းလက်လွှဲ

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ဘိုဘိုမင်း စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဇန်နဝါရီ ၂၃

ပရီမီယာလိဂ်ဟာ ကမ္ဘာ့ဘောလုံးပရိသတ်တွေကို ဆွဲဆောင်နိုင်လွန်းတာမို့ ကမ္ဘာ့ထိပ်တန်းချမ်းသာတဲ့ ပုဂ္ဂိုလ်တွေဟာ ပရီမီယာလိဂ်မှာ စီးပွားရေးရင်းနှီးမြှုပ်နှံမှု ပြုလုပ်ဖို့ စိတ်ဝင်စားလာကြပြီ ဖြစ်ပါတယ်။ အခုဆိုရင် လီဗာပူးအသင်းကို ကူဝိတ်ဘီလျံနာသူဌေး နက်ဆာအယ်လ်ခါရာဖီက လွှဲပြောင်းဝယ်ယူဖို့ စကားဆိုနေပြီဖြစ်ပါတယ်။

လီဗာပူးအသင်းကို ရောင်းချရေးအတွက် လက်ရှိလီဗာပူးအသင်းပိုင်ရှင် အမေရိကန်နိုင်ငံသား ဂျော့ဂျီးလက်နဲ့ တွမ်ဟစ်တို့က ဆုံးဖြတ်လိုက်ပြီဖြစ်တာမို့ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှာ နှစ်ဖက်ကိုယ်စားလှယ်တွေ ဇန်နဝါရီ ၂၃ ရက်က တရားဝင်တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ကြတယ်လို့ သတင်းတွေ ထွက်ပေါ်လာပါတယ်။

ဂျော့ဂျီးလက်(ဝဲ)နှင့် တွမ်ဟစ်

စကားဆို

ဂျော့ဂျီးလက်နဲ့ တွမ်ဟစ်တို့က လီဗာပူးအသင်းကို ပေါင်သန်း ၅၅၀ နဲ့ ရောင်းချဖို့ ဈေးဆိုနေပြီး ကူဝိတ်သူဌေး နက်ဆာအယ်လ်ခါရာဖီ တို့ကလည်း ဈေးအလျှော့အတင်း စကားဆိုနေကြပြီဖြစ်ပါတယ်။ ကူဝိတ်သူဌေး အယ်လ်ခါရာဖီဟာ ခန့်မှန်းခြေ ပေါင်ကိုးဘီလီယံလောက် ချမ်းသာတယ်လို့ ဆိုပါတယ်။

လီဗာပူးအသင်းပိုင်ရှင်တွေဟာ လီဗာပူးကို ဝယ်ယူခဲ့စဉ်က ဘဏ် ချေးငွေတွေနဲ့ ဝယ်ယူခဲ့တာကြောင့် မကြာမီအချိန်မှာ ပြန်ဆပ်ရတော့မယ့် အခြေအနေရောက်နေပြီဖြစ်လို့ မဖြစ်မနေ ရောင်းချရတော့မယ့် အနေအထား ရောက်ရှိနေပြီဖြစ်ပါတယ်။

ထိခိုက်

လီဗာပူးအသင်းဟာ ဇန်နဝါရီ အပြောင်းအရွှေ့ကာလမှာ ဘောလုံးသမားတွေကို မဝယ်ယူနိုင်တဲ့အပြင် ငွေကြေးစိုက်ထုတ်မှု တစ်စုံတစ်ရာ မပြုလုပ်နိုင်ခဲ့တာမို့ အသင်းရဲ့ အောင်မြင်မှုရလဒ်တွေ ထိခိုက်နေရတယ်လို့ နည်းပြဘင်နီတက်ဇ်က ထောက်ပြခဲ့ပါတယ်။ လီဗာပူးရဲ့ ဘဏ္ဍာငွေ အခြေအနေတွေဟာ ပြင်ပကို သတင်းကျယ်ကျယ်ပြန့်ပြန့် ပေါက်ထွက်ခဲ့လို့ ယိမ်းယိုင်နေတဲ့ ဘဏ္ဍာရေးအခြေအနေကို အချိန်မီဖြေရှင်းနိုင်ဖို့အတွက် လီဗာပူးအသင်းကို ရောင်းချတော့မှာ ဖြစ်ပါတယ်။

ဆွေးနွေး

လီဗာပူးအသင်းရဲ့ စီးပွားရေးနဲ့ ဘဏ္ဍာရေးဆိုင်ရာ ဒါရိုက်တာတွေဖြစ်တဲ့ အိုင်အင်အေရီနဲ့ ဖီးလစ်နက်တို့က လန်ဒန်မှာ ကူဝိတ်သူဌေး အယ်လ်ခါရာဖီ ကိုယ်စားလှယ်တွေနဲ့ ဆွေးနွေးတာ မပြီးပြတ်လို့ ကူဝိတ်နိုင်ငံအထိလိုက်ပြီး အယ်လ်ခါရာဖီနဲ့ တွေ့ဆုံဆွေးနွေးဖို့ စီစဉ်နေပြီဖြစ်ပါတယ်။

ကူဝိတ်သူဌေးအယ်လ်ခါရာဖီ မိသားစုဟာ ဆောက်လုပ်ရေး၊ ဘဏ်လုပ်ငန်း၊ အင်ဂျင်နီယာလုပ်ငန်း၊ ဆက်သွယ်ရေးနဲ့အသင့်စားအစားအစာလုပ်ငန်းတွေကို ပိုင်ဆိုင်တဲ့သူတွေဖြစ်တာမို့ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် ပရီမီယာလိဂ်မှာ အခြေချမှုကို ဆောင်ရွက်မှာဖြစ်တဲ့အတွက် မကြာမီအချိန်အတွင်း ပရီမီယာလိဂ်မှာ အရှေ့အလယ်ပိုင်းက ပိုင်ရှင်တစ်ဦးကို မြင်တွေ့ရတော့မှာ ဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**

ဝီဂန်တိုက်စစ်မှူး မာလွန်ကင်း မစ်ဒယ်ဘရော့နှင့် အငှားစာချုပ်ရန်သဘောတူညီ

လန်ဒန် ဇန်နဝါရီ ၂၃

မစ်ဒယ်ဘရော့အသင်းသည် ဝီဂန်အသင်းတိုက်စစ်မှူး မာလွန်ကင်းအား ခြောက်လအငှားစာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ပြီးဖြစ်သည်။

အသက် ၂၈ နှစ်ရှိ ကင်းသည် ဟူးလ်စီးတီးတွင် ကာလကြာရှည်စွာ အငှားစာချုပ် သက်တမ်းကုန်ဆုံးပြီးနောက် အပြီးသတ် ပြောင်းရွှေ့ကစားရန်အတွက် ဇန်နဝါရီ၂၂ရက်က မစ်ဒယ်ဘရော့၏ ရော့ခ်လစ်ခ်ဖီပွဲခ်အားကစားကွင်းတွင် သွားရောက်လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်သည်။

အသက် ၂၂ နှစ်ရှိ တိုက်စစ်မှူးကင်းသည် ၂၀၀၈ခုနှစ် ဩဂုတ်လတွင် ဟူးလ်စီတီးအသင်းသို့ ရောက်ရှိကတည်းက ၂၂ ပွဲ ပါဝင်ကစားခဲ့ရာ၌ ငါးဂိုးသွင်းယူပေးခဲ့သူဖြစ်သည်။ **(အင်တာနက်)**

လက်ထပ်မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

၁၀-၄-၂၀၀၈ရက်တွင် လက်ထပ်မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တိုင်းတရားသူကြီး ရန်ကုန်တိုင်းတရားရုံး၌ တရားသူကြီး ဦးမြသိမ်း၊ အသိသက်သေများအဖြစ်ဆောင်ရွက်ပေးသော ဦးသန်းချို၊ မခင်စန္ဒာထွန်းတို့အားလည်းကောင်း၊ ၄-၅-၂၀၀၈ရက်တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ သူငယ်ချင်းများအား လည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို လည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးသီဟထွန်း-မခင်ဂျီးဂျာလွင်။

ကျေးဇူးတင်ရှိခြင်း

ရွှေလီ အသားကင်ဆိုင်သို့ လာရောက်အားပေးကြသော မိတ်ဟောင်း/မိတ်သစ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ရွှေလီ I နှင့် ရွှေလီ II တွင် နှစ်သစ်ကူး အစီအစဉ်ဖြင့် ၂၅-၁-၂၀၀၉ ရက်မှ ၂၇-၁-၂၀၀၉ ရက်အထိ အစားအစာများကို ၂၀ ရာခိုင်နှုန်း Discount ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည် ခင်ဗျား။

ကျေးဇူးအထူးတင်လျက်
ရွှေလီအသားကင်ဆိုင်မိသားစု။

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၉)ဖြင့် **ဒေါ်ဥမ္မာမြင့်(ခ)ဒေါ်ဟန်နီဦး** (မန်နေဂျင်းဒါရိုက်တာ) (သုခစုစံပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ) နှင့် စက်မှုလက်မှုသင်တန်းကျောင်းအား နိုင်ငံတော်က **သုဓမ္မသိင်္ဂီ** ဘွဲ့ ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးချစ်ဦး(Chief Engineer)၊ ဦးဝင်းနိုင် (တရားရုံးချုပ်ရှေ့နေ)၊ ဦးမြင့်လွင်(Electrical Engineer)၊ ဒေါ်တင်တင်ညို (ချမ်းသာအောင်မြင် ကုမ္ပဏီဒါရိုက်တာ)၊ ဒေါက်တာဦးဇော်ဝမ်း(ပဲခူးတိုင်း ကျန်းမာရေးဦးစီးဌာန)။



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၄-ကံဘဲ့)၊ မြေကွက်အမှတ်(၁၁၇-သ၂)၊ ဧရိယာ ၀.၀၄၈ဧကရှိ၊ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊(၁၅)ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ်(၈)ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ပိုင်ရှင်ဖြစ်သူဒေါ်တင်ပု ၁၂/ရကန(နိုင်)၀၅၁၃၁၆ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ၁၀ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

၄င်းရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော် LL.B, D.B.L, D.M.L, D.I.L
ဒေါ်အေးအေးစိုး B.SC, Hon(IC), H.G.P, R.L, D.B.L.
တရားရုံးချုပ်ရှေ့နေများ
အမှတ်-၂၇(က)၊ ၁၂၁ လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀၁၇၀၄၄။



ကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာခြင်း

တောင်ငူမြို့နေ ကျွန်မဒေါ်သီရိရည်မွန် ၇/တငန(နိုင်)၀၀၀၁၅၂နှင့် စောအယ်လ်စင် ၇/တငန(နိုင်)၀၁၁၉၅၉တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၁၃-၁-၂၀၀၉ရက်တွင် အသိသက်သေများရှေ့၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သီရိရည်မွန် ၇/တငန(နိုင်)၀၀၀၁၅၂။

မူးယစ်ကင်းစင် အလှဆင်

ကတ္တရာခင်း

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းလုပ်ငန်းဖြစ်သော မယ်ခေါင် (၁၂)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမျိုးနှင့်အဖွဲ့ ဆောင်ရွက်မှုကို ဒီဇင်ဘာ ၂၈ရက်က အမှုဆောင်အရာရှိ ဦးကျော်သူ ကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပျဉ်ပုံကြီး အထက(ခွဲ) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၃

ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာတွင် အလက၊ တွဲဖက်အထကနှင့် အထက(ခွဲ) ကျောင်းသားကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် အထက(ခွဲ) ခန်းမဆောင်၌ ကျင်းပပြီး ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ၏ မိတ်ဆုံညစာစားပွဲကို ဖေဖော်ဝါရီ ၁၁ရက် ညနေ ၆နာရီတွင် အထက(ခွဲ)ကျောင်း မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသားကျောင်းသူဟောင်းများသည် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲသို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် နှင့် အာစရိယပူဇော်ပွဲအတွက်လှူဒါန်းလိုပါက ဦးညွန့်တင် (ရန်ကုန်)ဖုန်း-၀၁-၅၄၀၉၁၇၊ ကိုအောင်မြင့်ကြည်(ရန်ကုန်)ဖုန်း-၀၉-၅၁-၂၅၀၀၇၊ ၄၀၀၄၈၈၊ ကိုဆောင်းတင်(ရန်ကုန်)ဖုန်း-၀၉-၅၀-၆၄၉၅၈၊ ကိုဇော်ဇင်-မသူ(ကုန်မျိုးစုံဆိုင်)ဖုန်း-၀၉-၅၀-၈၁၅၉၊ ဦးသောင်းကြွယ် ဖုန်း-၀၉-၅၃-၀၀၉၂၅၊ ၀၉-၅၃-၅၁၃၀၇၊ လင်းခန့်မင်း ဖုန်း-၀၉-၅၃-၀၂၃၈၇ နှင့် ယဉ်ယဉ်ဝင်း ဖုန်း-၀၉-၅၃-၀၀၃၁၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

(၄၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းတင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ရက်က ကျင်းပရာ အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဒိုင်းဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။

(အား/ကာ)

ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းအတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇန်နဝါရီ၂၀ရက်တွင် ပဲခူးမြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ ပဲခူးတံတား တည်ဆောက်နေမှုနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးထားသည့် နွေစပါးစိုက်ကွင်းနှင့် မြို့ဝင်စံပြကွက် နွေစပါးစိုက်ခင်းသို့ ရောက်ရှိပြီး နွေစပါးစိုက်ခင်းများ၌

စာမျက်နှာ ၃ ကော်လံ ၁ ●

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်
မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ထမင်း/ဟင်း ချက်ပြုတ်ခြင်းမပြုရန်၊

(ခ) မီးဖိုသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်၊

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ မပေါ့ဆ အထူးသတိပြု သုံးစွဲရန်။

မီးသတ်ဦးစီးဌာန

လေစွမ်းအင်မှ ဓာတ်အားပိုမိုထုတ်ယူနိုင်ပြီ

ဘာသာပြန် သတင်းမှတ်စု - မိုးမြင့်လင်းလက်
စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ကမ္ဘာ့ ရာသီဥတု ပူနွေးလာမှုကို လျှော့ချရန်နှင့် လျှပ်စစ်စွမ်းအင်ကို ကုန်ကျစရိတ် သက်သာစွာ သုံးစွဲ နိုင်ရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးစားလျက်ရှိရာ ယခုအခါ လေစွမ်းအင်မှ လျှပ်စစ် ဓာတ်အား ပိုမိုထုတ်ယူ ရရှိရေးကို အမေရိကန် သုတေသနပညာရှင်များက ဆောင်ရွက် နိုင်ကြပြီဖြစ်သည်။

တပ်ဆင်အသုံးပြုခဲ့

လေစွမ်းအင်ကို ယခင်ရယူခဲ့ရာ၌ ကုန်းမြေ လွင်တီးခေါင်အရပ်များတွင် လေဒလက်များတပ်ဆင်ကာ တာဘိုင်စက်များဖြင့် ထုတ်ယူခဲ့ကြသည်။ လေဒလက်များ၏ အရွယ်အစားမှာလည်း ပုံမှန်အတိုင်း တပ်ဆင်အသုံးပြုခဲ့ကြခြင်း ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၃ ❍

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

နံနက်ပိုင်း၌သန့်ရှင်းသောရေပုံမှန်သောက်သုံးလျှင် ကိုယ်အလေးချိန်ကျဆင်းစေနိုင်ဟုဆို

သန့်ရှင်းသောရေကို နေ့စဉ် နံနက်ပိုင်း အချိန်၌ ပုံမှန်သောက်သုံးပေးသွားပါက ကိုယ်အလေးချိန် လျော့ကျစေကြောင်း ဂျပန်သုတေသနပညာရှင်များကထုတ်ဖော်ပြောကြားလိုက်သည်။

မဖြစ်ပွားနိုင်

နေ့စဉ်နံနက်ပိုင်း အိပ်ရာထစအချိန်၌ ရေတစ်လီတာခန့် သောက်သုံးပါက ကိုလက်စထရောကျဆင်းစေသည့်အပြင် ကိုယ်လက်လေ့ကျင့်ခန်း ၁၀မိနစ်ခန့်ပြုလုပ်ပေးလျှင် အစာအိမ်နှင့် အူကင်ဆာများ မဖြစ်ပွားစေနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

ပံ့ပိုးပေး

သို့သော် တစ်နေ့လျှင် အနည်းဆုံးရေသုံးလီတာခန့် သောက်သုံးပေးသင့်ပြီး ထိုသို့သောက်သုံးပါက ကိုယ်အလေးချိန်ကျဆင်းမှုကို ပိုမိုအထောက်အကူပြုစေကြောင်းသိရသည်။ သန့်ရှင်းသော သောက်ရေသည် ခန္ဓာကိုယ်အတွင်း သွေးသန့်စင်မှုကို အထောက်အကူပြုသည့်အပြင် ခန္ဓာကိုယ်အတွင်းဆဲလ်များ ရှင်သန်ဖွံ့ဖြိုးမှုကို ပံ့ပိုးပေးနိုင်သည်ဟုဆိုသည်။

လေ့ကျင့်ခန်း

ထို့ကြောင့် နံနက်ပိုင်းရေသောက်သည့် အလေ့အကျင့်ပြုလုပ်ပြီး လေ့ကျင့်ခန်း အချိန်မှန်ပြုလုပ်ပေးပါက ကိုယ်အလေးချိန်ကျဆင်းစေပြီး အစာအိမ်နှင့်အူကင်ဆာများ မဖြစ်ပွားနိုင်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဒေသဖွံ့ဖြိုးတိုးတက်လာသော ဧရာဝတီစံပြကျေးရွာများ၏ စည်ပင်လှပမှု မြင်ကွင်းအဖုံဖုံ သတင်းစုံ

မော်လမြိုင်ကျွန်းမြို့နယ် ပိုးလောင်းစံပြကျေးရွာရှိ ကံ့ကော်လမ်းတွင် လမ်းညွှန်ဆိုင်းဘုတ်များနှင့်အတူ စနစ်တကျဆောက်လုပ်ထားသော လူနေအိမ်များကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ပြင်စလူမြို့ ကုမုဒြာလမ်းထောင့်ရှိ သန့်ရှင်းလှပနေသော ပြင်စလူ ပြည်သူ့ဆေးရုံမြင်ကွင်း။ (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၃

မုန်တိုင်းသင့်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းများကို ရုပ်မြင်သံကြား သတင်းအစီအစဉ်နှင့် နေ့စဉ်ထုတ်သတင်းစာများတွင် မကြာခဏတွေ့မြင်ဖတ်ရှုရစဉ်ကပင် ကိုယ်တိုင်ကိုယ်ကျသွားရောက်ကြည့်ရှုလေ့လာချင်သော စိတ်ဆန္ဒများ ဖြစ်ပေါ်ခဲ့သဖြင့် စာရေးသူသည် ဇန်နဝါရီ ၈ရက်က ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာစံပြကျေးရွာ၊ ပြင်စလူမြို့နှင့် ပိုးလောင်းစံပြကျေးရွာများသို့ သတင်းမှတ်တမ်း လေ့လာရေးခရီးစဉ်အဖြစ် ကွင်းဆင်းသွားရောက်ခဲ့သည်။

သွားရောက်

ယင်းစံပြကျေးရွာများမှာ စာရေးသူနှင့် ယခင်ကရင်းနှီးခဲ့ဖူးပါသည်။ လွန်ခဲ့သော သုံးနှစ်ခန့်က ဧရာဝတီတိုင်းရှိဆွေမျိုးများထံ အလည်အပတ်သွားရောက်ခဲ့သည်။ စာရေးသူမှာ ပင်လယ်ပြင်နှင့်အထိအတွေ့ နည်းခဲ့သူဖြစ်သောကြောင့် ရောက်တုန်းရောက်ခိုက် ပင်လယ်ပိုင်းဒေသ ခရီးစဉ်အဖြစ် အဆိုပါကျေးရွာများသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ပျက်စီးဆုံးရှုံး

စာရေးသူရင်တွင်းသို့ ရောက်နေပြီဖြစ်သော ဧရာဝတီတိုင်းမှ စံပြကျေးရွာသုံးရွာမှာ နာဂစ်လေဘေးဒဏ်ကို ခံစားခဲ့ရသည်။ ပျက်စီးဆုံးရှုံးမှုလည်း များပြားခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

သတင်းဆောင်းပါး - မိုင်းရယ်ငွေထွန်း
ဓာတ်ပုံမှတ်တမ်း - (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

24-1 (20).pmd 1 1/24/2009, 2:06 AM